မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ရက်၊ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ ၁၁ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၇၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက် ၁၁နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

၂၀၀၈ ခုနှစ်အတွက်

အမျိုးသားစာပေ တစ်သက်တာဆု ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာရေးဆရာကြီး ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)အား ၂၀၀၈ခုနှစ်အတွက် ''အမျိုးသားစာပေတစ်သက်တာဆု''ကို ရွေးချယ်ချီးမြှင့်လိုက်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

မြန်မာ့အလင်း

သတင်းအညွှန်း

၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို **စာမျက်နှာ(၆)တွင် ဖော်ပြထားပါသည်။**

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်)

သုတေသနလုပ်ငန်းများ တီထွင်ကြံဆ တိုးမြှင့်ဖော်ဆောင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၌ အကျိုးရှိရှိအသုံးချ

မြန်မာနိုင်ငံသည် သယံဇာတများပေါကြွယ်ဝသော နိုင်ငံဖြစ်ရာ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သယံဇာတများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့စွာ အသုံးချသွားနိုင်ရန် နိုင်ငံတော်က စီမံဖြည့်ဆည်းလျက်ရှိသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အပိုအလျှံများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ဦးတည်ကြိုးပမ်းရာ၌ စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေး၊ ဈေးကွက်တိုးတက်ဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကကဏ္ဍပါဝင်မှု တိုးတက်မြင့်မားလာရေးနှင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍ၏ ဖွံ့ဖြိုးမှုအခြေခံဖြစ်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခိုင်မာသည့် "အမျိုးသားစိုက်ပျိုးရေးသုတေသနစနစ်" ထူထောင်ကြိုးပမ်းကြရမည်ဖြစ်သည်။ သို့မှသာ သုတေသီများ၊ တိုးချဲ့ပညာပေးဝန်ထမ်းများ၊ တောင်သူများနှင့် အဆင့်ဆင့်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ပါဝင်နေကြသူအားလုံး အချိတ်အဆက်မိမိဖြင့် ထိရောက်ကောင်းမွန်သည့် သုတေသနရလဒ်များကို တီထွင်ကြံဆအသုံးချ၍ လယ်ယာ၊ သားငါးနှင့် သစ်တောထွက်ကုန်များကို တိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် အဓိကစီးပွားရေးကဏ္ဍများဖြစ်ပြီး နိုင်ငံ့ရိက္ခာဖူလုံရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားနပ်ရိက္ခာထုတ်လုပ်ရေးတို့၌ အရည်အသွေးမြင့်မားသော နည်းပညာများကို ထိရောက်စွာ အသုံးပြုနိုင်ရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ သုတေသနညီလာခံများကျင်းပ၍ တွေ့ရှိရသည့် သုတေသနရလဒ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့်အပြင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍအသီးသီး၌ လက်တွေ့အသုံးချနိုင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၅)ရပ်ကွက် ကနောင်လမ်း အမှတ် ၈၉၈ နေ ဗိုလ်မှူးကြီးဝင်းကြည်-ဒေါ်စိန်စိန်မိသားစုက သမီး မသင်းသင်းဆွေ ခြောက်နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင်ဦးမောင်မောင်အောင်တို့က လက်ခံယူကြစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြဝတီရုပ်မြင်သံကြား

၁၁-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုမြားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အိုင်စီတီသုတ
၄:၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်း တိရစ္ဆာန်များအကြောင်း (အာဖရိကတောတွင်းရိုက်ကူးမှု အတွေ့အကြုံမှတ်တမ်းများ) (အပိုင်း-၁)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ "ရွှာ" ဟာသဇာတ်လမ်းတွဲ **တို့လည်းကြောက်ပေါင် အတူသွားစို့** မေတ္တာ၊ ပေါ်လေး၊ နိုင်ဝင်း၊ ကဏန်း
၆:၅၀ ၁၅။ စောင့်မျှော်ရူစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၂၈)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ စိုက်ပျိုးသုတ
၂၂။ ရှင်သန်နေသောသီချင်းများ (Living Songs) လူမောင်(ဆေး-၁) **သတိရနေမှာပါ** (အပိုင်း-၂)
၂၃။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၂၃)



မိုးစပါးစံကွက်စပေါင်းရိတ်သိမ်းပွဲ ကြာအင်းဆိပ်ကြီးတွင် ကျင်းပ

ကြာအင်းဆိပ်ကြီး ဒီဇင်ဘာ ၁၀

ကြာအင်းဆိပ်ကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးဝင်းရှိ ဌာနပိုင်လယ်၌ ၂၀၀၉-၂၀၁၀ခုနှစ် မိုးစပါးရာသီကာလ၌ စိုက်ပျိုးပြီးသော ညီနောင်မွေးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့ပေါ်ရပ်ကွက်ရှိ တောင်သူလယ်သမားများက အဆိုပါစံကွက်တွင် စပေါင်းစပါးရိတ်သိမ်းရာ တစ်ဧက ၈၇ တင်းထွက်ရှိကြောင်းနှင့် ဆက်လက်ပြီး မတ်ပဲစိုက်ပျိုးခြင်း၊ ဇီဝစူပါရွက်ဖျန်း မြေဩဇာနှင့် ပိုးသတ်ဆေးရောစ၍ ပက်ဖျန်းခြင်း စသည်တို့ကို လက်တွေ့သရုပ်ပြကြသည်။ **(အပေါ်ပုံ)**

ရည်ရွယ်ချက်

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသက်လွင်က စံကွက်ရိတ်သိမ်းရခြင်းရည်ရွယ်ချက်နှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၁၂-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **လူတိုင်းအတွက် ဝိပဿနာ** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ Science Tech Today
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ** (အပိုင်း-၂၃)
၈:၃၀ Sports World (Football Asia)
၈:၅၅ **ကျေးဇူးကြီးလှ မိနှင့်ဖ** အကယ်ဒမီရဲအောင်၊ အကယ်ဒမီဇော်ဦး၊ ဦးဝင်းမြင့်၊ ကျော်ဇေယျ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ မျိုးစန္ဒီကျော်၊ ပန်ဆုပြည့်ကျော် (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
၉:၂၀ Activities in the City (C 'CARE ကံစမ်းပွဲ)
၉:၃၅ Movie Talk (ဒါရိုက်တာ ကြည်စိုးထွန်း၊ ထပ်ဆင့်အကယ်ဒမီခင်ယုမေ)
၁၀:၄၀ အမှတ်(၁)စက်မှုဝန်ကြီးဌာနရဲ့ မြတ်သောအလှူ မြင်စိုင်းနန်းဦးစေတီတော်
၁၁:၀၀ ဖက်ရှင်လမ်းညွှန် (အဖြူရောင်ဖက်ရှင်)
၁၁:၂၀ အဆင်းရောအချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်းခရီးတစ်ခေါက်
၁၁:၄၅ VJ Choice
၁၂:၁၅ စာအုပ်စာပေလူ့မိတ်ဆွေ (ဒေါက်တာဒဂုန်ခင်သဇင်) (အပိုင်း-၂)
၁၂:၄၀ Activities in the City (C' CARE ကံစမ်းပွဲ)
၁:၀၀ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (လာအိုနှင့် မလေးရှား)
၂:၅၀ World of Knowledge (တရုတ်ပြည်သို့ အလည်တစ်ခေါက်)
၃:၀၅ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗီယက်နမ်နှင့်ထိုင်း)
၅:၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ချစ်စရာနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၁)
၇:၀၀ လှပသစ်ဆန်း အလှပြင်ခန်း (Queen Hair & Beauty Spa)
၇:၂၅ FMF Selection
၇:၄၅ Science Tech Today
၈:၀၀ MRTV-4 သတင်း
၈:၃၀ VJ Choice
၉:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ချစ်စရာနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နားခိုလိုက်ပါမေတ္တာရိပ်မှာ**(အပိုင်း-၂၃)
၁၀:၀၀ ဖက်ရှင်လမ်းညွှန် (အဖြူရောင်ဖက်ရှင်)
၁၀:၁၅ လှပသစ်ဆန်းအလှပြင်ခန်း (Queen Hair & Beauty Spa)
၁၀:၃၀ မြန်မာမှုလက်ရာ ပန်းတည်းပညာ
၁၁:၀၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၂၀ Say it in English
၁၁:၃၀ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေး ဥယျာဉ်မှာ ပန်းလှရောင်စုံဖြာ
၁၁:၄၅ ပန်းပုပန်းချီတုမမီအောင်လက်ရာစုံပေသည်…
၁၁:၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပွဲ အင်းစိန်၌ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ဒီဇင်ဘာပထမပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၅ရက် နံနက်၅နာရီခွဲက အထက(၂)ကျောင်းရှေ့နှင့် မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ်ရှေ့၌ကျင်းပပြီး အင်းစိန်(ဘီအိုစီ)မှ ကျောက်တော်ကြီးဘုရားအထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုနှင့်ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေ ပြည်သူအင်အား၂၀၀၀ကျော် ပါဝင်ဆင်နွှဲကြသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**

ရန်ကုန် ဒီဇင်ဘာ ၁၀

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ရက်(တနင်္ဂနွေနေ့)တွင် အလိုတော်ပြည့်ကျောင်းတိုက်(တာမွေ)၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အသင်းမဝင်ရသေးသူများဖြစ်စေ တက်ရောက်ကြပါရန်နှင့် ၂၀၀၇-၂၀၀၈၊ ၂၀၀၈-၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်သည့် အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမိတ္တူများနှင့်အတူ စာရင်းပေးသွင်းနိုင်ကြပြီး အသက်(၇၅)နှစ်နှင့်အထက် အသင်းသူအသင်းသားများ၏ မိသားစုဝင်များသည် ဦးလှထွန်းစိန် ဖုန်း-၅၆၁၂၄၈၊ ဦးလှထွီးအောင် ဖုန်း-၅၃၈၄၅၉၊ ဦးအောင်စံကျော် ဖုန်း-၆၅၁၀၇၂နှင့် ဦးသန်းနိုင် ဖုန်း-၆၆၄၈၃၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ **Lieutenant General Ai Husheng** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ Lieutenant General Ai Husheng နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ Lieutenant General Ai Husheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အား ဒီဇင်ဘာ ၇ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ ကိုယ်စားလှယ်အဖွဲ့အား ည ၇နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကြည့်ရှုလေ့လာ

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၅ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကြပြီး ရန်ကုန်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၆ ရက်တွင် လေကြောင်းခရီးဖြင့် ကျိုင်းတုံမြို့သို့ ရောက်ရှိကာ ကျိုင်းတုံမြို့အတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။ ထို့နောက် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးနှင့် တွေ့ဆုံဆွေးနွေးကြကာ ညပိုင်းတွင် တိုင်းမှူးက ရွှေတြိဂံရိပ်သာ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ချန်ဒူးစစ်ဒေသမှ Lieutenant General Ai Husheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၇ရက်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တွေ့ဆုံဆွေးနွေး

ယင်းကိုယ်စားလှယ် အဖွဲ့သည် ဒီဇင်ဘာ ၈ရက်တွင် မန္တလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာ တက္ကသိုလ်သို့ ဝင်ရောက်ကြည့်ရှုလေ့လာကြရာ ကျောင်းအုပ်ကြီးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြင်ဦးလွင်မြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ လားရှိုးမြို့သို့ ရောက်ရှိကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တွေ့ဆုံဆွေးနွေးကြကာ ညပိုင်းတွင် တိုင်းမှူးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက်တွင် လားရှိုးမြို့အတွင်း လှည့်လည် ကြည့်ရှုလေ့လာပြီးနောက် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ ညပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၀ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ပိုင်းဒေသများ၌ မိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဒီဇင်ဘာ ၁၁ရက်ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စွမ်းအင်စီးပွားရေးဖိုရမ် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

မြန်မာနိုင်ငံတွင် အသစ်တစ်ဖန်ပြုလုပ်၍ရသော စွမ်းအင်နှင့် ထိရောက်စွာ စွမ်းအင်အသုံးချမှုများကို ပိုမိုကျယ်ပြန့်လာစေရန်အတွက် အရှေ့တောင်အာရှ စွမ်းအင်ဆုများကို နှစ်စဉ်ရရှိအောင် စာတမ်းများ ရေးသားပြုစုခဲ့သော ကောင်းကျော်စေ ကုမ္ပဏီကကြီးမှူး၍ မြန်မာနိုင်ငံ၌ ပထမအကြိမ်ကျင်းပမည့် အသစ်တစ်ဖန်ပြုလုပ်၍ရသော စွမ်းအင်နှင့် စွမ်းအင်ထိရောက်စွာ အသုံးချမှုဆိုင်ရာ စီးပွားရေးဖိုရမ်(Renewable Energy, Efficiency Business Forum)ကို ဒီဇင်ဘာ ၁၄ရက် (တနင်္လာနေ့) နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စီးပွားရေးဖိုရမ်တွင် စာတမ်းများ တင်သွင်းဖတ်ကြားခြင်းနှင့် ပြခန်းများခင်းကျင်းပြသမည်ဖြစ်၍ တက်ရောက်လိုသူများသည် ဖုန်း-၅၇၁၂၈၄နှင့် ၀၉-၅၁-၈၃၅၁၇တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ဒိုက်ဦး အထက ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ဒိုက်ဦး ဒီဇင်ဘာ ၁၀

ဒိုက်ဦးမြို့ အထက ကျောင်းသားကျောင်းသူဟောင်းများ၏(၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဒိုက်ဦးမြို့ အထက အောင်ရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကန်တော့ခံ ဆရာ ဆရာမကြီးများ ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများသည် အလှူငွေနှင့် ပစ္စည်းများကို အထက ဒိုက်ဦး ဖုန်း-၀၅၂-၄၀၀၂၈၊ ဦးကြည်မြင့်(ရန်ကုန်) ဖုန်း-၀၉-၅၁-၈၇၃၆၃၊ ဦးမြင့်တင်(ရန်ကုန်) ဖုန်း-၀၁-၇၂၆၀၉၁၊ ဦးသက်နောင်(ရန်ကုန်) ဖုန်း-၀၁-၂၂၄၃၄၅၊ ဒေါ်ငွေငွေဝင်း(ရန်ကုန်) ဖုန်း-၀၁-၂၄၀၅၆၆၊ ဦးဇော်မင်း(ရန်ကုန်) ဖုန်း-၀၉-၉၉၂၃၄၈၊ ဦးကျော်ဝင်းသိန်း(ရန်ကုန်) ဖုန်း-၀၉-၅၁-၁၈၇၄၆၊ ဦးချစ်ဆွေ(ပဲခူး) ဖုန်း -၀၅၂-၂၃၉၄၄၊ ဦးမြတ်သူ (ပဲခူး) ဖုန်း- ၀၅၂-၂၂၉၈၅၊ဦးမောင်မောင်တင် (တောင်ကြီး) ဖုန်း-၀၈၁-၂၂၂၈၃၊ ဦးမျိုးမင်း (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၈၉၊ ဦးဇော်ထိုက်အောင် (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၅၂၊ ဦးအောင်ကြီး (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၄၈၃၊ ဦးသန်းနိုင် (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၂၁၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ထူးချွန်ထက်မြက် လူငယ်ခေါင်းစဉ်ဖြင့် ဟောပြောမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

Wise International School for Executives က ကြီးမှူး၍ ပညာရေးဆိုင်ရာ ဟောပြောပွဲကို ဒီဇင်ဘာ၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ (၁၀)ထပ် အခန်းအမှတ် ၁၀၀၉၌ ခင်မောင်ညို (ဘောဂဗေဒ)က ထူးချွန်ထက်မြက် လူငယ်ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃နှင့် ၀၉-၅၁-၅၇၀၃၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Lenovo အထူးဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

Lenovo Notebook, Lenovo Desktop PC, Lenovo All in One PC များအတွက် အထူးဈေးရောင်းပွဲတော်ကို **Lenovo Authorised Sales Distributor** ဆိုင်များနှင့် **Authorised Dealer** ဆိုင်များ၌ ဒီဇင်ဘာ ၁၂ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့၌ တစ်ပြိုင်တည်း နှစ်ရက်တည်းသာ ရောင်းချပေးသွားမည်ဖြစ်သည်။

Lenovo သည် ၂၀၀၅ခုနှစ်တွင် **IBM Personal Computer** ဌာနတစ်ခုလုံးကို အပြီးသတ်ဝယ်ယူခဲ့ပြီးနောက်ပိုင်း အာရှပစိဖိတ်တွင် ရောင်းအားအကောင်းဆုံး **PC Brand** ဖြစ်လာခဲ့ပြီး ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ကွန်ပျူတာထုတ်လုပ်သော ကုမ္ပဏီဖြစ်လာခဲ့သည်။

အထူးအစီအစဉ်အနေဖြင့် ထိုနေ့တွင် **Lenovo** ဝယ်ယူသူများအတွက် **Lenovo Notebook** တစ်လုံးနှင့် ကျပ်တစ်သိန်းတန် ဆုမဲငါးဆုကိုလည်း ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်သည်။ ဝယ်ယူရရှိနိုင်သော ဆိုင်များမှာ **KMD,Lucky Bird, ICE, Innwa, Technoland, MRS, Citicom, Royal Tech, Neo Tech, King Service Wisdom, Access Spectrum, Asia Tech, iNet, NTG, DCD** တို့ဖြစ်သည်။ အသေးစိတ် စုံစမ်းသိရှိလိုပါက ဖုန်း-၂၄၅၁၈၀၊ ၂၀၄၀၇၁၊၂၄၈၁၆၇၊၃၇၉၈၇၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွက်

(၁၃-၁၂-၂၀၀၉)ရက်နေ့

နှင့်

(၂၇-၁၂-၂၀၀၉)ရက်နေ့

အင်အားပြင်း ငလျင်လှုပ်

နေပြည်တော် ဒီဇင်ဘာ ၁၀

၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၀ရက် မြန်မာစံတော်ချိန် ၉ နာရီ ၀၀မိနစ် ၅၁စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၄၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကူရီကျွန်း) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စာကြည့်တိုက် အဆောက်အအုံဖွင့်

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကုတ္တက်ကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ဆန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်၌ ကျင်းပသည့် လက်မှုပညာပန်းပုပြပွဲတစ်ရပ်ကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ဘရာဇီးသမ္မတ ထောက်ခံကြောင်းပြသ

ဘရာဆီးလီးယား ဒီဇင်ဘာ ၁၀

ဘရာဇီးသမ္မတသည် အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် ထောက်ခံကြောင်းကို ဘရာဇီး နိုင်ငံခြားရေးဝန်ကြီး မကြာမီက အီရန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးဖြင့်ပြသလိုက်သည်ဟု ဘရာဇီးသံတမန်များက ဒီဇင်ဘာ ၇ရက်တွင် ပြောကြားသည်။

ထောက်ခံ

လွန်ခဲ့သည့်သီတင်းပတ်က သွားရောက်ခဲ့သည့် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး စယ်လ်ဆိုအာမိုရင်၏ ခရီးစဉ်သည် ငြိမ်းချမ်းရေးရည်မှန်းချက်ဖြင့် ပြုလုပ်သည့် အီရန်နျူကလီးယားအစီအစဉ်နှင့် ယူရေနီယံသန့်စင်ရေး လုပ်ငန်းများကို ဘရာဇီးအစိုးရက ထောက်ခံကြောင်း ဘရာဇီးသမ္မတ လူဝစ်အင်နာစီယိုလူလာဒါဆီလ်ဗာ၏ သဘောထားကို ပြသခြင်းဖြစ်သည်ဟု ဘရာဇီးသံတမန်များက ပြောကြားသည်။

ဘရာဇီးသမ္မတသည် ဥရောပခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင် ယင်းအကြောင်းနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ အီရန်တို့၏ နျူကလီးယားထုတ်လုပ်မှုသည် သံသယဖြစ်စရာအကြောင်းမရှိ ဆိုသည်ကို သက်သေပြရန် အီရန်နိုင်ငံအား အခွင့်အရေးပေးသင့်ကြောင်း ဘရာဇီးသမ္မတ၏ သဘောထားကို သံတမန်များက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ အကြမ်းဖက်ဗုံးခွဲ ဂျော်ဒန်နှင့်တူရကီရှုတ်ချ

အင်ကာရာ ဒီဇင်ဘာ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အစိုးရအဆောက်အအုံများအား ဆက်တိုက်ဗုံးခွဲတိုက်ခိုက်မှုကြောင့်**(ယာဗုံ)** လူပေါင်း ၁၂၈ ဦး သေဆုံးပြီး ၄၄၈ဦး ဒဏ်ရာရရှိသွားစေသည့်ဖြစ်ရပ်ကို တူရကီအစိုးရနှင့်ဂျော်ဒန်အစိုးရတို့က ဒီဇင်ဘာ ၉ ရက်၌ ပြင်းထန်စွာ ပြစ်တင်ရှုတ်ချလိုက်သည်။

ထုတ်ဖော်ကြေညာ

အကြမ်းဖက်မှုပုံစံအားလုံးကို ကြံ့ကြံ့ခံ တွန်းလှန်ချေမှုန်းရာတွင် အီရတ်ပြည်သူများနှင့် မိမိတို့တစ်သားတည်းရှိကြောင်းဖြင့်လည်း နှစ်နိုင်ငံစလုံးက ထုတ်ဖော်ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အကြီးမားဆုံး မော်တော်ကားဈေးကွက် တရုတ်နိုင်ငံ ရပ်တည်လျက်ရှိ

ပေကျင်း ဒီဇင်ဘာ ၁၀

ယခုနှစ်ပထမ ၁၁လအတွင်း တရုတ်နိုင်ငံက မော်တော်ကားစီးရေ ၁၂ သန်းထုတ်လုပ်ရာ စီးရေ ၈ဒသမ ၆သန်းသာ ထုတ်လုပ်သော ယခင်နှစ် အလားတူကာလကထက် ပိုမိုထုတ်လုပ်ခဲ့သည်ဟု တရုတ်နိုင်ငံ မော်တော်ကားထုတ်လုပ်သူများအသင်း (စီအေအေအမ်)၏ စာရင်းဇယားများအရသိရကြောင်း ဆင်ဟွာသတင်းတွင် ဒီဇင်ဘာ ၇ရက်က ဖော်ပြသည်။

ယခင်နှစ်က နိုင်ငံအတွင်း မော်တော်ကားရောင်းချရမှုပမာဏသည် စီးရေ ၉ ဒသမ ၄သန်းသာရောင်းချနိုင်ခဲ့သည်။ ယခုနှစ်အတွင်း မော်တော်ကားစီးရေ ၁၃ သန်းအထိ ရောင်းချရန် မျှော်မှန်းထားရှိသည်ဟု စီအေအေအမ်အတွင်းရေးမှူးချုပ် ဒေါင်ယန်က ပြောကြားသည်။

ရပ်တည်

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနှင့် အခြားသော မော်တော်ကား အရောင်းကျဆင်းနေသည့်ကြားမှပင် တရုတ်မော်တော်ကား ဝယ်လိုအားကောင်းလျက်ရှိကြောင်း ပြသသည့်အပြင် ကမ္ဘာ့အကြီးမားဆုံးသော မော်တော်ကားဈေးကွက် အဖြစ် တရုတ်နိုင်ငံက အခိုင်အမာရပ်တည်လျက်ရှိကြောင်းကို ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မော်တော်ကားဈေးကွက်

ပြည်ပသို့တင်ပို့မည့် မော်တော်ကားများကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ဆိပ်ကမ်း၌ တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



အီရန်ကို ပိတ်ပင်အရေးယူသော်လည်း ရေနံတင်ပို့မှု ရပ်ဆိုင်းမည်မဟုတ်ဟုဆို

တီဟီရန် ဒီဇင်ဘာ ၁၀

အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အဓိကရေနံထုတ်လုပ်ရောင်းချသည့် နိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည်နှင့်အညီ အီရန်ရေနံစိမ်း တင်ပို့မှုလျှော့ချရေးကိစ္စဟူသမျှသည် ရေနံဈေးနှုန်းများ မလွဲမသွေတစ်ဟုန်ထိုး မြင့်မားလာစေလိမ့်မည်ဟု အီရန်ရေနံဝန်ကြီး မာဆွတ်မီယာကာဇေမီက ဒီဇင်ဘာ ၁၀ရက်တွင် ပြောကြားသည်။

အကယ်၍ အီရန်နိုင်ငံကို ပိတ်ပင်အရေးယူမှုများ ဆက်လုပ်မည်ဆိုပါက အီရန်နိုင်ငံသည် ရေနံစိမ်းတင်ပို့မှုကို ရပ်ဆိုင်းလိမ့်မည်ဟူသော မီဒီယာသတင်းများကို ရေနံရောင်းနိုင်ငံများအသင်း(အိုပက်)ဆိုင်ရာ အီရန်သံအမတ်ကြီး မိုဟာမက်အလီခါတီဘီက လက်မခံဘဲငြင်းပယ်လိုက်သည်။

ဖော်ပြ

အီရန်နိုင်ငံအား ပိတ်ပင်အရေးယူမှုများ ဆက်လက်ပြုလုပ်နေမည်ဆိုပါက အီရန်နိုင်ငံအနေဖြင့် ရေနံတင်ပို့မှု ရပ်ဆိုင်းလိုက်မည်ဟု အီရန်ရေနံဝန်ကြီးက ပြောကြားသည်ကို မကြာမီက အချို့မီဒီယာသတင်းများတွင် မှားယွင်းစွာ ဖော်ပြခဲ့ကြောင်း မိုဟာမက်အလီခါတီဘီက ပြောကြားသည်။

မိမိက ယင်းသတင်းနှင့်ပတ်သက်၍ အီရန်ရေနံဝန်ကြီးကို မေးမြန်းကြည့်ရာတွင် မမှန်ကန်ကြောင်း အီရန်ရေနံဝန်ကြီးက ငြင်းဆိုလိုက်သည်ဟုလည်း မိုဟာမက်အလီခါတီဘီက ပြောကြားသည်။ **(အင်တာနက်)**

ဘရာဇီးသစ်တော ပြုန်းတီးမှု ၂၀၂၀ခုနှစ်၌ ၉၀ရာနှုန်းလျော့ကျမည်

ဘရာဆီးလီးယား ဒီဇင်ဘာ ၁၀

ဘရာဇီးနိုင်ငံ၌ ၂၀၂၀ ခုနှစ်အရောက်၌ သစ်တောပြုန်းတီးမှု လျော့ကျရေးကို မူလရည်မှန်းထားသည့် ၈၀ ရာခိုင်နှုန်းကိုကျော်လွန်ကာ ၉၀ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကောင်း လျော့ကျနိုင်မည်ဖြစ်ကြောင်း ဘရာဇီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကာလို့စ်မင့်စ်က ဒီဇင်ဘာ ၉ရက်တွင် ပြောကြားသည်။

လိုအပ်

ကမ္ဘာတစ်ဝန်း၌ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု၏ ၁၈ရာခိုင်နှုန်းမှာ သစ်တောခုတ်ထွင်ခြင်းနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့် ဖြစ်သော်လည်း ဘရာဇီးနိုင်ငံ၌မူ ၆၀ရာခိုင်နှုန်းကျော်အထိ ရှိကြောင်း၊ သစ်တောပြုန်းတီးမှု ကာကွယ်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် တောမီးလောင်မှုကာကွယ်ထိန်းချုပ်ရေးမှာ မရှိမဖြစ်လိုအပ်ကြောင်း ၎င်းကပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဗီယက်နမ် ကော်ဖီတင်ပို့မှု ယခုနှစ်မြင့်တက်လာ

ဟန်နွိုင်း ဒီဇင်ဘာ ၁၀

ဗီယက်နမ် ကော်ဖီတင်ပို့မှုပမာဏသည် ယခုနှစ် ပထမ၁၁လအတွင်းမှာပင် တန်ချိန် ၁ဒသမ၀၂သန်းရှိပြီး ယခင်နှစ်ကထက် ၁၅ဒသမ ၅ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရကြောင်း ဗီယက်နမ် အထွေထွေစာရင်းအင်းဌာနက ထုတ်ဖော်ပြောကြားသည်။

ပြီးခဲ့သည့် နှစ်အတွင်း၌ ဗီယက်နမ်အစိုးရအနေဖြင့် ကော်ဖီတန်ချိန် ၁သန်းကျော် ပြည်ပသို့တင်ပို့ရောင်းချခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၂ဒသမ ၀၂ဘီလီယံ ရရှိခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

ခရီးသည်တင်အာကာသယာဉ် လာမည့်သုံးနှစ်အတွင်း လွှတ်တင်တော့မည်

ကနေဒီ ဒီဇင်ဘာ ၁၀

ဗာဂျင်းအတ္တလန္တိတ်လေကြောင်းလိုင်းက ပထမဦးဆုံးစီးပွားဖြစ် ခရီးသည်တင်အာကာသယာဉ်ကို ပွဲထုတ်လိုက်ပြီဖြစ်ရာ အာကာသခရီးသွားလုပ်ငန်း ခေတ်စားထွန်းကားလာမည့် အလားအလာအပေါ် မျှော်လင့်ချက်ကြီးမားစွာ ထားနိုင်တော့မည်ဖြစ်သည်။

ပို့ဆောင်ပေး

ကြော့ရှင်းသော အတောင်ပံတပ်ဆင်ထားပြီး အဖြူအမည်းအရောင်ဆင်ထားသည့် အာကာသယာဉ် စပေ့စ်ရှစ်ပ်တူးသည် လာမည့်နှစ်နှစ်၊ သုံးနှစ်အတွင်း အာကာသခရီးသည်များကို ကမ္ဘာ့ဆွဲငင်အားမရှိသည့်နေရာသို့ သယ်ယူပို့ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။

ပြောကြား

ယင်းအာကာသယာဉ်သည် စီးပွားဖြစ် အာကာသခရီးသွားလုပ်ငန်း၏ အစဖြစ်လိမ့်မည်ဟု ဗာဂျင်းအတ္တလန္တိတ်လေကြောင်းကုမ္ပဏီ စတင်တည်ထောင်သူရစ်ချက်ဘရန်ဆွန်က ပြောကြားသည်။

တွေ့မြင်

အဆိုပါ အာကာသခရီးသွားလုပ်ငန်း စီမံကိန်းသည် အမေရိကန်ဒေါ်လာသန်း ၄၅၀ ကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းစီမံကိန်းဖြင့် စီးပွားဖြစ်အာကာသယာဉ် ခြောက်စင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ခရီးသည်တင်အာကာသယာဉ်ဖြင့် လိုက်ပါသွားမည့်ခရီးသည်များသည် အာကာသကိုနောက်ခံပြုထားသည့် ကမ္ဘာကြီးကို တွေ့မြင်ကြရမည်ဖြစ်ပြီး ကမ္ဘာ့ဆွဲငင်အား လွတ်နေသောအရသာကို ငါးမိနစ်ခန့် ခံစားကြရမည်ဖြစ်ကြောင်းလည်း သိရသည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ မူလ်တန်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဒီဇင်ဘာ ၉ရက်က တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (အင်တာနက်ဓာတ်ပုံ)

11-12 (04).pmd 1 12/11/2009, 1:56 PM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

အင်ဒိုနီးရှားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တွေ့ဆုံဆွေးနွေး

အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုသည် ဂျပန်ဝန်ကြီးချုပ် ယူကီရိုဟာတိုယာမာနှင့် ဒီဇင်ဘာ ၁၀ရက်က ဘာလီကျွန်းနူဆာဒူရာ၌ ဒေသဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အင်ဒိုနီးရှားအရာရှိများက သတင်းထုတ်ပြန်သည်။

မင်နီဆိုးတားပြည်နယ်၌ နှင်းမုန်တိုင်းတိုက်ခတ် လေယာဉ်ခရီးစဉ် ၃၀၀ကျော် ဖျက်သိမ်းခဲ့ရ

အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်နှင့် အိုင်အိုဝါပြည်နယ်များတွင် ဒီဇင်ဘာ ၁၀ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်နေမှုကြောင့် လေယာဉ်ခရီးစဉ် ၃၀၀ကျော် ဖျက်သိမ်းခဲ့ရပြီး စာသင်ကျောင်းများလည်း ယာယီပိတ်ထားရကြောင်း သတင်းထုတ်ပြန်သည်။ *(အောက်ပုံ)*

နျူကလီးယားစက်ရုံနေရာများ အီရန်သတ်မှတ်

နျူကလီးယားအစီအစဉ် တိုးချဲ့လုပ်ဆောင်ရန်အတွက် စက်ရုံအသစ်ငါးရုံ တည်ဆောက်ရန်နေရာများကို သတ်မှတ်လိုက်ပြီဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီနီဂျက်က ဒီဇင်ဘာ ၁၀ရက်၌ ထုတ်ဖော်ပြောကြားသည်။

တရုတ်မြောက်ပိုင်းနှင့် ပေကျင်းမြို့ဝန်းကျင် ဆီးနှင်းများ ထူထပ်စွာကျဆင်း

တရုတ်နိုင်ငံမြောက်ပိုင်းနှင့်ပေကျင်းမြို့ဝန်းကျင်ဒေသတွင် ဒီဇင်ဘာ ၁၀ရက် နံနက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာကျဆင်းခဲ့ကြောင်း၊ လေယာဉ်ခရီးစဉ်အများအပြားဖျက်သိမ်းခဲ့ရကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ရွှေဈေး ဆက်လက်ကျဆင်း

ကမ္ဘာ့ရွှေဈေးကွက်တွင် ရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိရာ တရုတ်ဈေးကွက်၌ ဒီဇင်ဘာ ၁၀ ရက် ဈေးပိတ်ချိန်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၂၇ ဒသမ ၆၉ ဒေါ်လာသို့ ကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား မာလူကူကျွန်းကမ်းလွန်၌ ငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ မာလူကူကျွန်းကမ်းလွန်တွင် ဒီဇင်ဘာ ၁၀ ရက် နံနက်က ရစ်ချ်တာစကေး ၆အဆင့်ရှိသော ငလျင်လှုပ်ခဲ့ကြောင်း၊ အဆောက်အအုံအချို့ ပျက်စီးခဲ့သော်လည်း ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ရေလွှမ်း

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တွင် ဒီဇင်ဘာ ၁၀ရက်က မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားလျက်ရှိကြောင်း၊ ကုန်သွယ်မှုနှင့် ခရီးသွားလာမှုခက်ခဲလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။ ***(အောက်ပုံ)***

ဆီးရီးယားနှင့် အီရန် ကာကွယ်ရေးပူးပေါင်းရန် ဆွေးနွေး

ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆတ်နှင့် အီရန်ကာကွယ်ရေးဝန်ကြီး အာမက်ဗာဟီဒီတို့ ဒမတ်စကတ်မြို့၌ ဒီဇင်ဘာ ၁၀ရက်က တွေ့ဆုံပြီး နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ဆွေးနွေးကြကြောင်း သတင်းထုတ်ပြန်သည်။ *(အင်တာနက်)*

ယာဉ်နှင့်လမ်းစည်းကမ်း သိကောင်းစရာများ ဟောပြော

ရန်ကုန် ဒီဇင်ဘာ ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောလမ်းရှိ မော်တော်ယာဉ်ဌာနခွဲ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံယာဉ်မောင်းများ ကျွမ်းကျင်မှုသင်တန်းကို ဒီဇင်ဘာ၉ရက် မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဦးစီးမှူး(ပထမတန်း) ဒုတိယရဲမှူးမြင့်အောင် **(အောက်ပုံ)** နှင့် အမှတ်(၃)ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူးဝင်းမြင့်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောကြသည်။

ယင်းသင်တန်းဟောပြောပွဲသို့ ဒုတိယဌာနမှူး ဦးလှဝင်းအောင်၊ မော်တော်ယာဉ်ဌာနခွဲတာဝန်ခံအရာရှိ ဦးသောင်းတင်၊ ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြောက်ဦးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၀

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေးသည် ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက စစ်တွေမြို့ မင်းဂံရပ်ကွက် ကန်တော်ကြီးစိုက်ပျိုးရေးပညာပေးစခန်း၌ ဆောင်းသီးနှံ စိုက်ပျိုးထားရှိမှုနှင့် မြေပြုပြင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည်လောကနန္ဒာစေတီတော်အနီး၌ သာသနာ့ဗိမာန် တည်ဆောက်မည့်မြေနေရာ ပြုပြင်ထားမှု အခြေအနေနှင့် သစ်သားတံတားအစား သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မကျည်းမြိုင်ရပ်ကွက် ကျောက်ချောလမ်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အများသုံး ရေတွင်း အဆင့်မြှင့်တင်ရေးနှင့် ရေတွင်းရှောင်ကွင်းလမ်း ဖောက်လုပ်နိုင်မည့်အခြေအနေနှင့် ရွှေပြားရပ်ကွက် အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖွင့်လှစ်

မွန်းလွဲပိုင်းတွင် မြောက်ဦးမြို့ မြို့တော်စည်ပင်သာယာဈေးရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဦးတော်ဆေးကန် တူးဖော်သည့်လုပ်ငန်းဆောင်ရွက်နေမှု၊ ညောဝတီဂေါက်ကွင်းနှင့် အသစ်ဖောက်လုပ်လျက်ရှိသော ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရည်အသွေးမြင့်ကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို၌ ကွင်းဆင်းစစ်ဆေး

လားရှိုး ဒီဇင်ဘာ ၁၀

နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းသည် အထွေထွေမန်နေဂျာ (ကော်ဖီ) ဦးလှမြင့်လိုက်ပါလျက် ဒီဇင်ဘာ ၈ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ပွေးတောင်ကော်ဖီခြံ၊ ဘန့်ဘွေးကော်ဖီခြံ၊ ခြေမြစ်ပင် ကော်ဖီခြံတို့သို့ ကွင်းဆင်းစစ်ဆေး၍ ကော်ဖီစိုက်ဧကများ ပြည့်မီတိုးတက်ရေး၊ အရည်အသွေးမြင့်ကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်ကော်ဖီပင်များကို ဒေသခံစိုက်ပျိုးလိုသူများထံ ဖြန့်ဝေပေးနိုင်ရေးကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် သရက်ကုန်းမြို့နယ်ရှိ ပုဂ္ဂလိက မိုးထက်ကော်ဖီခြံ ဧက ၅၀၀ စီမံကိန်းသို့ သွားရောက်ကြည့်ရှုအားပေးရာ ခြံမန်နေဂျာ ဦးကျော်ဝင်းက လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ နည်းပညာဖြင့် ကော်ဖီစိုက်ပျိုးထားရှိမှု၊ ကော်ဖီနည်းပညာလေ့ကျင့်ပေးမှုနှင့် ၂၀၀၈ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဆုချီးမြှင့်ခံရမှုများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူးက လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

မှာကြား

ထို့နောက် သရက်ကုန်း ကော်ဖီစိုက်ခင်းရုံး၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မန်နေဂျာဦးဝင်းလှိုင်ဦးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ပြည်နယ်အတွင်း ရော်ဘာထုတ်လုပ်မှုမြင့်မားရေး၊ ကော်ဖီစိုက်ဧကဖြစ်ထွန်းအောင်မြင်ရေး၊ အဆင့်မြင့်ထုတ်ကုန်များ ရရှိနိုင်ရေးအတွက် နည်းပညာပေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(လားရှိုး ကိုယ်ပွား)**

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

နဝမအကြိမ် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်နှင့် ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာတို့ ပူးပေါင်းကျင်းပသော နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို ဒီဇင်ဘာ ၂၇ရက်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂ရက်အထိ ကမာရွတ်မြို့နယ် ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်အသင်းလိုက်ပြိုင်ပွဲ၊ စနူကာတစ်ဦးချင်းနှင့် စနူကာအသင်းလိုက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး ဖုန်း-၀၉-၅၁၉၇၅၇စနှင့် အဖွဲ့ချုပ်ဖုန်း-၃၇၅၁၀၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ ***(ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်)***

တာချီလိတ်မြို့ ပါလှုံ(၁)ရပ်ကွက် ဈေးလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဦးလှမျိုး ဦးဆောင်သော အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ၂၈ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဂုဏ်ပြုဆုချီးမြှင့်

စမ်းချောင်းမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ဘက်စုံထူးချွန်တတိယ၊ မြန်မာစာထူးချွန်ဆုရရှိသော စတုတ္ထတန်းမှ မသစ္စာခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေးက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (ပညာရေး)

ဂုဏ်ပြုညစာစားပွဲ တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဗီယင်ကျန်းမြို့ Km(6) ခန်းမ၌ ကျင်းပသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr.Bouasone Bouphavanh က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

အားကစားပြိုင်ပွဲဖွင့်

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားအားကစားကွင်း၌ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

** ကျောဖုံးမှ*

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone၊ ဝန်ကြီးချုပ် Mr.Bouasone Bouphavanh၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ အရှေ့တောင်အာရှနိုင်ငံများမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပွဲကြည့်စင်မှ နှုတ်ဆက်အားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အားကစားကွင်းအတွင်းသို့ ချီတက်ဝင်ရောက်လာသော မြန်မာ အားကစားအဖွဲ့အား အရေးကြီးပုဂ္ဂိုလ်များ ပွဲကြည့်စင်မှ နှုတ်ဆက်အားပေးသည်။

အောင်မြင်စွာကျင်းပပြီးစီး

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၆နာရီတွင် စတင်ကျင်းပပြီး ည ၈နာရီ၌ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယင်ကျန်းမြို့ Km (6) ခန်းမ၌ ကျင်းပသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Bouasone Bouphavanh က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အာရှ- ပစိဖိတ်ဌာနမှ ဒုတိယအကြီးအကဲ 2009 IMF Article IV Consultation Mission အဖွဲ့ခေါင်းဆောင် Ms.Meral Karasulu နှင့် အဖွဲ့သည် ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်၊ စာပေ လေ့လာစို့

● ရှေ့ဖုံးမှ

ချီးမြှင့်မည်

အဆိုပါဆုကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၁ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၀၈ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၈ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသောစာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ကြူကြူသင်း၏ **သိင်္ဂါရ ရသဝတ္ထုတိုများ**၊ စာပဒေသာဆုတွင် ယိမ်းနွဲ့ပါး၏ **ခါကာဘိုခရီးသည်**၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေဆုတွင် မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၏ **လီဆူတိုင်းရင်းသားတို့၏ ဘဝခလေ့**၊ ကလေးစာပေဆုတွင် ရေနံ့မြေမောင်မောင်ကြည်၏ **ချစ်စရာ့ကလေးများ (ကလေးဝတ္ထုတိုများ)**၊ လူငယ်စာပေဆုတွင် ကျွန်းစဉ်မြေ စောခက်၏ **ကုသိုလ်အရောင်ဆိုးပေးပါ**၊ ဘာသာပြန် (သုတ)စာပေဆုတွင် တော်ကောင်းမင်း၏ **ကျန့်ဇီမင်း သို့မဟုတ် တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ**၊ ဘာသာပြန် (ရသ) စာပေဆုတွင် ဝင်းထွဋ်ဖော်၏ **ပါဝါကျဆုံးခြင်းနှင့် စင်ကာပူ ဘဝရနံ့ဝတ္ထုတိုများ**၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ဒေါက်တာဒဂုန် (Ph.D)(Astro)(Kol.)၏ **ရာဇဝင်ထဲမှာပုဏ္ဏား**၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ဒေါက်တာကျော်တင့်၏ **ပြည်သူအတွက် သစ်တောပညာ**နှင့် သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် အောင်စိုး(စိုက်ပျိုး/၁၀၇)၏ **ဖွံ့ဖြိုးဝေဆာ ခေတ်သစ်စိုက်ပျိုးရေးရာ**တို့က အသီးသီးရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ကဗျာပေါင်းချုပ်၊ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် ဆုများချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရှိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး၊ ဖုန်း-၀၁-၃၈၁၄၄၈သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် ငါးလက်မ×ခုနစ်လက်မ ရောင်စုံဓာတ်ပုံတစ်ပုံနှင့် တစ်လက်မ×တစ်လက်မအရွယ် တစ်ပုံစီကို (တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် နေပြည်တော်ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု စာရေးဆရာကြီး ဒေါက်တာကျော်စိန် (ဒေါက်တာကျော်စိန်)

၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုများ

စဉ်	ဘာသာရပ်	စာအုပ်အမည်	ရေးသူ	ထုတ်ဝေသူ
၁	ဝတ္ထုတိုပေါင်းချုပ်	**သိင်္ဂါရ ရသဝတ္ထုတိုများ**	ကြူကြူသင်း	နိုင်ငံ့ဂုဏ်ရည်စာပေတိုက်
၂	စာပဒေသာ	**ခါကာဘိုခရီးသည်**	ယိမ်းနွဲ့ပါး	နန်းဒေဝီစာပေ
၃	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေ	**လီဆူတိုင်းရင်းသားတို့၏ ဘဝခလေ့**	မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)	စာပေဗိမာန်
၄	ကလေးစာပေ	**ချစ်စရာ့ကလေးများ (ကလေးဝတ္ထုတိုများ)**	ရေနံ့မြေ မောင်မောင်ကြည်	ရဲအောင်စာပေ
၅	လူငယ်စာပေ	**ကုသိုလ်အရောင်ဆိုးပေးပါ**	ကျွန်းစဉ်မြေ စောခက်	စာပေဗိမာန်
၆	ဘာသာပြန် (သုတ)စာပေ	**ကျန့်ဇီမင်း သို့မဟုတ် တရုတ်ပြည်ကို ပြောင်းလဲခဲ့သူ**	တော်ကောင်းမင်း	သီဟရတနာစာပေ
၇	ဘာသာပြန် (ရသ)စာပေ	**ပါဝါကျဆုံးခြင်းနှင့် စင်ကာပူ ဘဝရနံ့ ဝတ္ထုတိုများ**	ဝင်းထွဋ်ဖော်	ယုံကြည်ချက်စာပေ
၈	သုတပဒေသာ (ဝိဇ္ဇာ)	**ရာဇဝင်ထဲမှာ ပုဏ္ဏား**	ဒေါက်တာဒဂုန် (Ph.D)(Astro)(Kol.)	သမီးဇောတိကစာပေ
၉	သုတပဒေသာ (ရိုးရိုးသိပ္ပံ)	**ပြည်သူအတွက် သစ်တောပညာ**	ဒေါက်တာကျော်တင့်	လင်းဦးတာရာစာပေ
၁၀	သုတပဒေသာ (အသုံးချသိပ္ပံ)	**ဖွံ့ဖြိုးဝေဆာ ခေတ်သစ် စိုက်ပျိုးရေးရာ**	အောင်စိုး (စိုက်ပျိုး/၁၀၇)	စာပေဗိမာန်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ ၉ရက် မွန်းလွဲ ၂နာရီ မိနစ်၅၀တွင် ဗီယင်ကျန်းမြို့ရှိ သမ္မတရုံးသို့ သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Dr. Thongloun Sisoulith၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr.Somphong Mongkhonvilay၊ နိုင်ငံခြားရေး ဒုတိယဝန်ကြီး Mr. Hiem Phommachanh၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kouily A. Souphakhet နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား ဗီယင်ကျန်းမြို့ရှိ သမ္မတရုံး၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား (၁၂)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာကာဆစ်ပီရိုးမြနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

မြှင့်တင်ရေး

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနှင့်ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သက်ဆိုင်ရာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mr. Choummaly Sayasone အား ဗီယင်ကျန်းမြို့ရှိ သမ္မတရုံး၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးညဏ်ဝင်းအား သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား (၁၂) ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာရိုဟီသာဘိုဂိုလာဂါမာနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ ညနေ၅နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့ တွေ့ဆုံစဉ် မြန်မာနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နယူတန်ဂုဏရတနာနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မိုးစပါးပန်းတိုင်အထွက်နှုန်းတိုးရေး ပင်လည်ဘူးတွင် နည်းပညာပေးဟောပြော

ပင်လည်ဘူး ဒီဇင်ဘာ ၁၀

၂၀၀၉-၂၀၁၀ခုနှစ် စစ်ကိုင်းတိုင်း မိုးစပါး ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ ထွက်ရှိရေးနှင့် ဆောင်းသီးနှံအထွက်တိုးရေးအတွက် ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်ဒွန်းအုပ်စုရှိ တောင်သူများအား နည်းပညာပေး ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ရက်က အင်ကုန်းကျေးရွာ အမကကျောင်း၌ ကျင်းပသည်။

နည်းပညာ

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးအောင်သိုက်က မျိုးကောင်းမျိုးသန့်များကို စနစ်တကျသုံးစွဲရေး၊ စိုက်စနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အမျိုးတူ ပေါင်းစပ်အသုံးပြုရေး၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရေး၊ ပေါင်းမြက်ကင်းစင်ရေးနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်းသည့် နည်းပညာများကို ပညာပေးဟောပြော ဆွေးနွေးခဲ့သည်။

ဟောပြော

ထို့နောက် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစောအောင်က မြို့နယ်အတွင်းစပါးပိုလျှံရေး၊ ဆီဖူလုံရေး၊ သီးထပ်သီးညှပ်များ စိုက်ပျိုးမှု မြင့်မားလာစေရေးနှင့် မြေမှန်၊ မျိုးမှန်၊ ရာသီမှန်ကြစေရန် သီးနှံအထွက်တိုး နည်းပညာများ ပညာပေးဟောပြော ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်မှုဆရာဖြစ်သင်တန်း အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၁၀

စက်မှုဆရာဖြစ် အထူးသင်တန်း ၁၁၉၇(အင်းစိန်) သင်တန်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ရွှေတိဂုံဘုရားအရှေ့မုခ် ဓနုတိုင်းရင်းသားဓမ္မာရုံ၌ ဒီဇင်ဘာ ၂၆ရက် (စနေနေ့)၌ ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများအနေဖြင့် အလှူငွေများကို မန္တလေးမြို့တွင် ဦးဗညားကျော်စွာမြင့် ဖုန်း-၀၉-၅၀-၀၃၉၁၀၊ ဦးအောင်တင်ဖြိုးထွန်း ဖုန်း-၀၉-၂၀-၂၀၉၄၅၊ ဦးကျော်ထွန်းသန်း ဖုန်း-၀၉-၂၀-၃၀၄၈၂၊ ဦးကျော်ကျော်နိုင် ဖုန်း-၀၉-၂၂-၀၁၅၅၅၊ ရန်ကုန်မြို့တွင် ဦးလှိုင်ဆွေဦး ဖုန်း-၀၁-၅၃၅၇၀၀၊ ဦးအောင်ညီဝင်း ဖုန်း-၀၉-၂၁-၀၀၅၂၉နှင့် မကွေးမြို့တွင် ဦးသန်းဆွေဦး ဖုန်း-၀၉-၅၃-၄၀၉၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မော်လမြိုင်ကျွန်း အထက(၂) တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃ရက် နံနက် ၉နာရီတွင် မော်လမြိုင်ကျွန်းမြို့ အထက(၂) ၄၀ါဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ အငြိမ်းစားဆရာကြီး ဆရာမကြီးများ အပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက် ပူဇော်ကန်တော့ကြရန် ဖြစ်သည်။

လာမည့် ၂၀၁၀ခုနှစ်တွင် ကျင်းပမည့် အထက(၂)ကျောင်း၏ (၂၅)နှစ်ပြည့် ငွေရတုပွဲတော်နှင့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲသို့ ပါဝင်လှူဒါန်းလိုပါက ဦးသန်းနိုင်ဦး အထက(၂) မော်ကျွန်း ဖုန်း-၀၄၂-၅၀၁၁၈၊ ဒေါ်ဆွေဆွေမာ မြို့နယ်ဥပဒေရုံး မော်ကျွန်း ဖုန်း-၀၄၂-၅၀၀၃၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Bouasone Bouphavanh အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ ၉ရက် မွန်းလွဲ ၂နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Bouasone Bouphavanh အား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr.Bouasone Bouphavanh နှင့်အတူ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Somphong Mongkhonvilay၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Alounkeo Kittikhoun၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kouily A. Souphakhet နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်
အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ
လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်

နေပြည်တော် ဒီဇင်ဘာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာ
(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ေ
ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာ
ကျိုင်းတုံလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက်
ဗီယင်ကျန်းမြို့ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ခရီးဦးကြို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှပစိဖိတ်နှင့် အာဖရိကရေးရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Viroj Sundara တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လေယာဉ်လှေကားထိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Somphong Mongkhonvilay နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ပန်းစည်းပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုအစိုးရ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်၊ မြန်မာနိုင်ငံသံရုံးမှ သံရုံးဝန်ထမ်းများနှင့် စစ်သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၁၂-၂၀၀၉
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၅ ၆။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈း၂၀ ၇။ အကပြိုင်ပွဲ
- ၈း၃၀ ၈။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ **နောက်မကျစေရအောင်**
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၄း၂၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၀၀ ၇။ **မျှော်သူမဓောစေချင်**
- ၅း၁၅ ၈။ **မြန်မာစာ၊ မြန်မာစကား**
- ၅း၃၀ ၉။ မူဟန်သွယ်သွယ် ဆိုကြမယ်
- ၅း၄၀ ၁၀။ **ပဥ္စလက်ကျောင်းတော်**
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ **ခရီးဆက်နေဦးမည် ရွှေညာဆီ**
- ၆း၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၆း၄၅ ၁၅။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
- ၇း၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၂၀)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၈၂)
- ၂၁။ **သီချင်းချစ်သူ** (No အဖွဲ့)
- ၂၂။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် Lao Plaza ဟိုတယ် Plaza (1) ခန်းမ၌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်

၁၀-၁၂-၂၀၀၉

ဟားခါး	(-၁)	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၀	ဒီဂရီစင်တီဂရိတ်
တီးတိန်	၅	ဒီဂရီစင်တီဂရိတ်
နမ့်စန်	၅	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၅	ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၅	ဒီဂရီစင်တီဂရိတ်
လားရှိုး	၆	ဒီဂရီစင်တီဂရိတ်
မင်းတပ်	၆	ဒီဂရီစင်တီဂရိတ်
အမ်း	၆	ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြား

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ ၉ရက် ညနေ ၃နာရီ ၁၅မိနစ်တွင် Lao Plaza ဟိုတယ် Plaza (1) ခန်းမ၌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြားသည်။

ရှင်းလင်းပြောကြား

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ တက်ရောက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့်ဇနီး၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးဝင်းလှိုင်နှင့်ဇနီးတို့ အမှူးပြုသော မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုဝင်များအား မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအလားအလာများ၊ နိုင်ငံတော်၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်တို့က မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး နှုတ်ဆက်အားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
င်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရန် ည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

င်တော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် ကာင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ာန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၉ရက် နံနက် ၁၀နာရီတွင် လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၁၁နာရီ မိနစ် ၅၀တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ခရီးဦးကြို

်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ ိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွန့်လှိုင်နှင့် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှ ာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Viroj ာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်

ကြိုဆိုနှုတ်ဆက်

ဝန်ကြီးချုပ်အား လေယာဉ်လှေကားထိပ်မှ လာအို ာနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Somphong ဉ်ထောင်စုမြန်မာနိုင်ငံတော် အားကစားဝန်ကြီးဌာန ခ်းမြင့်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ပန်းစည်းပေးအပ်

ာ်ဝန်ကြီးချုပ်အား လာအိုအမျိုးသမီးငယ်တစ်ဦးက ာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ားရေးမှူးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အား လာအို ဦးများနှင့် မိတ်ဆက်ပေးသည်။

ည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာ လှိုင်၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းလှိုင်၊ မြန်မာနိုင်ငံ စစ်သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အားကစားရွာသို့ ရောက်ရှိကြပြီး (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။

ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ခေတ္တတည်းခိုမည့် Lao Plaza ဟိုတယ်သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Somphong Mongkhonvilay နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

းမြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်း (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဗီယင်ကျန်းမြို့ Lao Plaza ဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၉နာရီ ၄၅မိနစ်တွင် Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Somphong Mongkhonvilay၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးညွှန့်လှိုင်၊ စစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီးဝင်းလှိုင်၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

အားပေးစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့ဝင်များအား အားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကြီးသိန်းစိန်
စုများအား တွေ့ဆုံမှာကြား

ညနေ ၃နာရီ ၁၅မိနစ်တွင် Lao Plaza ဟိုတယ် ဝန်ထမ်းမိသားစုများအား တွေ့ဆုံမှာကြားသည်။

ရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ နီးတို့ အမှူးပြုသော မြန်မာသံရုံးနှင့် စစ်သံရုံး နိုင်မည့် လုပ်ငန်းအလားအလာများ၊ နိုင်ငံတော်၏

န်းမြင့်တို့က မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် လာအိုအမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Somphong Mongkhonvilay၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kouily A. Souphakhet တို့ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်
လာအို အမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအား တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒီဇင်ဘာ ၉ရက် ညနေ ၅နာရီတွင် ဗီယင်ကျန်းမြို့ Lao Plaza ဟိုတယ် ဧည့်ခန်းမ၌ လာအိုအမျိုးသားခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Somphong Mongkhonvilay၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Kouily A.Souphakhet တို့အား တွေ့ဆုံပြီး နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း မြှင့်တင်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ခရိုင် နေပြည်တော်ပျဉ်းမနားမြို့နယ်ခန်းမ၌ ကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း၌ ပြသထားသည့် အိတ်(ချ်)အိုင်ဗွီ/ အေအိုင်ဒီအက်စ် ပန်းချီနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ အမှတ် ၆၅ ဗိုလ်ရာညွန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်နေ ဒေါ်ကျင်ပွား၏(၈၇)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်း လက်ခံယူစဉ်။
(သတင်းစဉ်)

အင်အား ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ ၁၀ရက် နံနက် ၃နာရီ ၅၉မိနစ် ၅စက္ကန့် အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၀၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆင်မီလူဒေသ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ၉အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ပလက်ဖောင်းခင်းခြင်းလုပ်ငန်း မိုးညှင်းစည်ပင် ဆောင်ရွက်

မိုးညှင်း ဒီဇင်ဘာ ၁၀

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေ ကျပ် ၁၈၀၃၅၀၀၀၊ (၁၇၃၆ပေ × ၄ပေ) ပလက်ဖောင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ လုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ယခုအပတ်ထုတ် TV Guide ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၀

TV Guide အတွဲ ၁၊ အမှတ် ၂၃ကို ဒီဇင်ဘာ ၁၁ရက်(သောကြာနေ့) တွင် ဖြန့်ချိလိုက်သည်။ ယင်း TV Guide တွင် Channel V ရုပ်သံလိုင်း၌ ပြသမည့် Jolin Tsai ၏ Video Scope အစီအစဉ်အကြောင်း၊ MTV ရုပ်သံလိုင်းတွင် ပြသမည့် Katy Perry ရဲ့ MTV Unplugged Show အစီအစဉ်၊ ESPN နှင့် STARSPORTS ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် လီဗာပူး-အာဆင်နယ်၊ တော့တင်ဟမ်-ဝုဖ်၊ ချယ်လ်ဆီး-အဲဗာတန်၊ မန်ယူ-အက်စ်တွန်ဗီလာ၊ စတုတ်-ဝီဂန်ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ ESPN ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် NBA Regular Season အကြောင်း၊ NGC ရုပ်သံလိုင်းတွင် ပြသမည့် Racing To America: Montoya's Chase Mascar ပြိုင်ပွဲအကြောင်း၊ Nat Geo Adventure ရုပ်သံလိုင်းတွင် ပြသမည့် Road Less Travels အစီအစဉ်ပိုင်းတွင် (၂၅)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပနေသည့် လာအိုနိုင်ငံကို ဖြတ်သန်းသွားမည့်အကြောင်း၊ MRTV-4 ရုပ်သံလိုင်း၏ အစီအစဉ်သစ်တစ်ခုဖြစ်သည့် အမျှားမြင်စရာ နှစ်ပါးသဘင်မဟာ အပိုင်း (၂) အစီအစဉ်အကြောင်း၊ Fashion Music Festival ရဲ့ Hair ဖက်ရှင် ချစ်စနိုးဦးပါဝင်ဖျော်ဖြေထားပြီး ဂျေမောင်မောင်သီဆိုထားသည့် အစီအစဉ်တွင် မော်ဒယ်လ်လေးများ၏ ရွှေရောင်ဖက်ရှင်များအား မြင်တွေ့ရမည့် အစီအစဉ် အကြောင်းများနှင့် ပါဝင်နေကျ ကဏ္ဍများ၊ တစ်ပတ်စာ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွှတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆နှင့် ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိ လိုက်ပြီဖြစ်ရာ အပတ်စဉ် သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိမ်ရှင်လာအိုနှင့် စင်ကာပူ အကြိုဗိုလ်လုပွဲတက်ရောက် မြန်မာအသင်း နိုင်သော်လည်း အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရ

သတင်း - စိုးညွန့် (ခေတ္တ-ဗီယင်ကျန်း)

ဗီယင်ကျန်း ဒီဇင်ဘာ ၁၀

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားယူ-၂၃ ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Main Stadium တွင် ကျင်းပရာ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အိမ်ရှင်လာအိုနှင့် စင်ကာပူအသင်းတို့ ဂိုးမရှိသရေကျသွားသည်။ လာအိုနှင့် စင်ကာပူအသင်းတို့ သရေကျသွား၍ နှစ်သင်းစလုံး အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားပြီး မြန်မာအသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာယူ -၂၃ အသင်း - သုံးဂိုး
အင်ဒိုနီးရှားယူ -၂၃ အသင်း - တစ်ဂိုး

မြန်မာအသင်း၏ ကစားပုံမှာ ရှေ့ပွဲစဉ်များထက် ပိုမိုကောင်းမွန်ခဲ့ပြီး ရသည့်အခွင့်အရေးများကိုလည်း အသုံးချနိုင်ခဲ့၍ အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ တိုက်စစ်ပိုင်းကို အပြောင်းအလဲလုပ်ထားသည့် မြန်မာအသင်းမှာ ဂိုးသွင်းခွင့်များ ပိုမိုရရှိခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ပထမဂိုးစတင်ရ

နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားသည့် မြန်မာအသင်းမှာ အုပ်စုတက်ရေး မျှော်လင့်ချက်အတွက် ပွဲစကတည်းက တိုက်စစ်အားမြှင့်ကစားခဲ့သည်။ ပွဲအစ ငါးမိနစ်မှာပင် ရာဇာဝင်းသိန်းကြောင့်ရရှိသည့် ပယ်နယ်တီကို ထွန်းထွန်းဝင်းက ကန်သွင်းယူခဲ့၍ မြန်မာအသင်း ပထမဂိုး စတင်ရရှိခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် အင်ဒိုနီးရှားအသင်း ပြန်ဖိကစားလာနိုင်၍ မြန်မာအသင်းမှာ မင်းမင်းသူအစား ဇော်ထက်အောင်ကို ထည့်ကာ ကွင်းလယ်အားဖြည့်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ထပ်မံရရှိခဲ့သော်လည်း ပိုင်စိုးနှင့် စိုးမင်းဦးတို့ အသုံးမချနိုင်ခဲ့သလို ခင်မောင်လွင်၏ ပြစ်ဒဏ်ဘောမှာလည်း ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ပိတ်သွင်းယူခဲ့

၅၂မိနစ်တွင် ဘယ်တောင်ပံကစားသမားပိုင်စိုးက အင်ဒိုနီးရှား နောက်တန်းကို ကျော်ဖြတ်ကာ သွင်းယူခဲ့သည်။ နှစ်ဂိုးပေးလိုက်ရ၍ အင်ဒိုနီးရှားတိုက်စစ်အား ပြန်တင်လာပြီး ၇၄မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဘွန်ဆာပီယာက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် တတိယဂိုးကို ၈၁မိနစ်တွင် ထွန်းထွန်းဝင်း၏ ပြစ်ဒဏ်ဘောကန်ချက် ဘားထိထွက်လာသည်ကို နောက်ခံလူ မိုးဝင်းက ထပ်ဆင့်ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များပြီးဆုံး

မြန်မာအသင်းမှာ အင်ဒိုနီးရှားအသင်းကို အနိုင်ရခဲ့သော်လည်း လာအိုနှင့် စင်ကာပူတို့ သရေကျသွား၍ အုပ်စုမှထွက်ခဲ့ရသည်။ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အိမ်ရှင်လာအိုနှင့် စင်ကာပူတို့က တစ်ပွဲနိုင် နှစ်ပွဲသရေ ငါးမှတ်စီရရှိကြပြီး ဂိုးကွာခြားချက်ဖြင့် လာအိုက အုပ်စုပထမ၊ စင်ကာပူက အုပ်စုဒုတိယရခဲ့ကြသည်။ **(မြန်မာ့အလင်း)**

မအူပင်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး

နေပြည်တော် ဒီဇင်ဘာ ၁၀

မအူပင်မြို့နယ်အသင်း (ရန်ကုန်)၏ (၅၅)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်ပြီးသူများ၊ အသင်းမဝင်ရသေးသူများနှင့် မိသားစုများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပါရန်နှင့် အသက် (၇၅)နှစ်ပြည့်ပြီး ကန်တော့ခံ အသင်းဝင်များ၊ ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူ အသင်းဝင်များ၊ အသင်းဝင်သားသမီးများသည် အမှတ်စာရင်းမိတ္တူနှင့်တကွ စာရင်းပေးပို့ပါရန်နှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများသည် ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖော်ပြလျက် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးစိန်မင်း ဖုန်း-၃၇၁၆၇၂၊ ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ အတွင်းရေးမှူး ဦးမြင့်သိန်း ဖုန်း-၃၈၅၀၇၀၊ ၀၉-၅၁-၉၀၃၈၆၊ ဦးစိန်မြင့် ဖုန်း-၅၆၄၀၉၃ နှင့် ဦးသိန်းဌေး ဖုန်း-၀၉-၅၁-၉၁၆၅၅တို့သို့ ၄င်းနီးစပ်ရာ အမှုဆောင်များထံသို့ လည်းကောင်း ဒီဇင်ဘာ ၂၁ရက် နောက်ဆုံးထား၍ သတင်းပို့ကြပါရန်နှင့် အလှူငွေများကိုလည်း ထည့်ဝင်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဒီဇင်ဘာ ၉ရက်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရိုးရာမွေအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာအားကစားသတင်း

ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင် လက်ရှိချန်ပီယံဘာကာ နောက်တစ်ဆင့်တက်လှမ်း

လန်ဒန် ဒီဇင်ဘာ ၁၀

ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၀ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးတို့ အိမ်ကွင်း၌ ဖီအိုရင်တီးနား တိုက်စစ်မှူး ဂီလာဒီနို၏ နောက်ကျဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဦးဆောင်ဂိုးသွင်းယူ

လီဗာပူးတို့ ဂျရတ်၏ တည်ကန်ဘောမှတစ်ဆင့် ဘီနာယွန်းက ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဖီအိုရင်တီးနားကစားသမား မာတင်ဂျော်ဂျင်ဆန်က ချေပဂိုးသွင်းယူခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် အနိုင်ဂိုးသွင်းယူနိုင်ရေး တိုက်စစ်ဆင်ကစားခဲ့ရာ လေလွင့်ချိန်တွင် ဂီလာဒီနိုက ဖီအိုရင်တီးနားအတွက် အနိုင်ဂိုးသွင်းယူလိုက်၍ ပွဲအပြီး ဖီအိုရင်တီးနားက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ဖီအိုရင်တီးနားသည် ယင်းအနိုင်ပွဲကြောင့် ရမှတ် ၁၅ မှတ်ဖြင့် အုပ်စုပထမရရှိကာ နောက်ဆုံး ၁၆သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ တစ်အုပ်စုတည်းမှ လိုင်ယွန်က ဒီဘရီစင်ကို အိမ်ကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်၍ ရမှတ် ၁၃မှတ်ဖြင့် ၁၆ သင်းရှုံးထွက်အဆင့် ပြိုင်ပွဲတက်ရန် သေချာသွားစေခဲ့သည်။

အာဆင်နယ်ဘက်သို့ အိုလံပီယာကို့စ် တိုက်စစ်မှူး လီယိုနာဒိုက ဤသို့ဂိုးသွင်းခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အုပ်စု (စ)

လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းသည် ဒိုင်နမိုကိဗ်အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အုပ်စုဗိုလ်ရရှိကာ နောက်ဆုံး ၁၆သင်းရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ၄င်းနှင့် တစ်အုပ်စုတည်းကျသော အင်တာမီလန်က ရုရှားချန်ပီယံ ရူဘင်ကာဇန်ကို အိမ်ကွင်းဆန်စီရို၌ နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ ယင်းပွဲတွင် အီတူးက အင်တာမီလန်အတွက် ပထမဆုံးချန်ပီယံလိဂ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အင်တာမီလန်အတွက် ဒုတိယအနိုင်ဂိုးကို ကာလိုတယ်လီက အဝေး တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ ယင်းအုပ်စုမှ ဘာစီလိုနာက ရမှတ် ၁၁မှတ်ဖြင့် အုပ်စုဗိုလ်ဖြစ်ပြီး အင်တာမီလန်က ကိုးမှတ်ရရှိကာ အုပ်စု ဒုတိယရရှိခဲ့သည်။

အုပ်စု(ဆ)

စပိန်ကလပ် ဆီဗီလာက အိမ်ကွင်း၌ ရိန်းဂျားကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး နောက်ဆုံးရှုံးထွက်၁၆သင်းပြိုင်ပွဲသို့ တက်ရောက်ခဲ့သည်။ ဆီဗီလာအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဖရက်ဒီကနူးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယင်းဂိုးကြောင့် ဆီဗီလာတို့ ပြိုင်ပွဲပြီးသည်အထိ ရိန်းဂျားကို ထိန်းချုပ် ကစားနိုင်ခဲ့သည်။ ၄င်းနှင့် တစ်အုပ်စုတည်းမှ စတုဂတ်က ယူနီရီယာကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ရမှတ် ကိုးမှတ်ရရှိကာ ဆီဗီလာနှင့်အတူ နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။

အုပ်စု(ဇ)

အာဆင်နယ်သည် ဂရိချန်ပီယံအိုလံပီယာကို့စ်၏ အိမ်ကွင်း၌ လီယိုနာဒို၏ တစ်လုံးတည်းသော အနိုင်ဂိုးကြောင့် ချန်ပီယံလိဂ်တွင် ရှုံးပွဲမရှိ ကစားနိုင်ခဲ့သော စံချိန်မှာ အဆုံး သတ်သွားစေခဲ့သည်။ သို့သော် အာဆင်နယ်တို့ ရမှတ် ၁၃မှတ်ဖြင့် အုပ်စုဗိုလ်ဖြစ်ကာ နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။ အိုလံပီယာကို့စ်သည် ယင်းအနိုင်ပွဲကြောင့် ရမှတ် ၁၀မှတ်ဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ကိုးကား-အင်တာနက်

မြင့်မောင်စိုး - စုစည်းသည်

ကန်တော့ခံ သက်ကြီးစာပေရှင်များအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့

ရန်ကုန် ဒီဇင်ဘာ ၁၀

၁၃၇၁ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲသို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်ကြသော သက်ကြီးစာပေပညာရှင်များအား ယနေ့ နံနက် ၁၀နာရီမှစ၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကို စက်မှုတက္ကသိုလ်)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးလှထွန်း(လှထွန်း-တွံတေး) တို့အဖွဲ့သည် တာမွေ၊ တောင်ဥက္ကလာပနှင့် ဗဟန်းမြို့နယ်များရှိ သက်ကြီးစာပေပညာရှင် ခြောက်ဦးတို့အားလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သခ်ာ)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)တို့ အဖွဲ့သည် နံနက် ၁၁နာရီခွဲမှ စတင်၍ ကမာရွတ်နှင့် စမ်းချောင်းမြို့နယ်များရှိ သက်ကြီးစာပေပညာရှင် ခြောက်ဦးတို့ အားလည်းကောင်း အိမ်တိုင်ရာရောက် လိုက်လံ၍ တစ်ဦးလျှင် ငွေသားကျပ် ၁၅၀၀၀နှင့် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ **(အပေါ်ပုံ)**

ရန်ကုန် စည်ပင်သာယာနယ်နိမိတ်အတွင်းနေထိုင်သော ကျန်ရှိသည့် မြို့နယ်များမှ စာပေပညာရှင်များအား အိမ်တိုင်ရာရောက် ဆက်လက်ကန်တော့သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခင်ဦးမြို့နယ် ကျေးရွာစာကြည့်တိုက် ပန္နက်တင်

ခင်ဦး ဒီဇင်ဘာ ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ညောင်ကန်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၅ရက် နံနက် ၈နာရီက စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးသန်းဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်တို့က သတ်မှတ်နေရာ အသီးသီးတွင် ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ကြည်ဆန်းနှင့် ဝန်ထမ်းများ၊လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်သည်။

(မြို့နယ် ပြန်/ဆက်)

စာပေဗိမာန်ထုတ် သုတပဒေသာ စာစောင်ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ၂၀၀၉ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင် အတွဲ(၃၆)၊ အမှတ်(၁၃)ကို ဘာသာပြန်စာပေစိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုလထုတ်သုတပဒေသာစာစောင်တွင် စာပေပညာရှင်ကြီးများဖြစ်သည့် ပါရဂူ၊ ငွေးမောင်၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာကျော်စိန်၊ မောင်ပေါ်ထွန်း၊ တင်မောင်မြင့်၊ မြတ်ငြိမ်း၊ ဒေါက်တာအောင်မြင့်ဦး (မြန်မာစာ)၊ မောင်မြင့်ကြွယ်၊ ကျော်စိန်ညွန့်၊ ကျော်ရှင်း၊ အောင်ချိန်ဘွား၊ တက္ကသိုလ်မိုးမြင့်၊ မြင့်လွင် (ဂျပန်ဘာသာ)၊ ကေတီအောင်သိန်း (ရန်ကုန်တက္ကသိုလ်)၊ ဝင်းကိုမြင့်၊ စိုးသီဟနောင်၊ အငြိမ်းစား ပါမောက္ခတစ်ဦး၊ မှူးခင်(ရွှေပြည်သာ)၊ မြင့်ဦးမောင်၊ ကေကေ (မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်ကျေးဇူး၊ ဦးငွေသိန်း(ကုမ္ပဏီလမ်းညွှန်)၊ စိုးစိုး (ပန်းတောင်း)၊ မောင်လှိုင်းသစ်၊ မောင်မောင်မြင့်(စက်မှုတက္ကသိုလ်)၊ စိန်ဝင်းနွယ်၊ ဒေါက်တာမြင့်သန်း(သနွေသား)၊ စိန်ဝင်းမော်၊ မောင်မီးအိမ်၊ ဒေါက်တာလွမ်းမိုးဟန်၊ ခင်စောတင့်၊ မမကြီး၊ သူဇာတို့၏ ဘာသာပြန်ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများဖြစ်သည့် အာဆီယံနိုင်ငံများ၏ လေကြောင်းလိုင်းများ၊ လပေါ်သို့ လူသားများဆင်းသက်ခဲ့သည့် အနှစ်(၄၀)မြောက်အခမ်းအနား၊ စာအုပ်နှင့် စာရေးဆရာ၊ ဈေးကွက်မှာ အရောင်းတက်နေသော ကစားစရာအရုပ်ကလေးများ၊ ဖခင်များသိထားရမည့် ကလေးတို့အကြောင်း၊ ကျန်းမာရေး စိတ်ပညာ၊ ရုစ်မြွာပူးမွေးကြမယ်၊ ဖခင်တစ်ဦး၏ဆုံးမစကား၊ ဂန္တဝင်အသက်(၄၀)၊ ပိုင်းစိတ်ပြီး အနိုင်ယူပါ၊ ပြောဟန်ပြောင်းရွှေ့ခြင်း၊ အရယ်ရဆုံးဟာသများ၊ သင်လက်ကိုင်ဖုန်းသုံးနေသလား၊ နိုင်ငံတကာသတင်းမှတ်စု၊ ဆိုမာလီပင်လယ်ဓားပြများ၊အင်္ဂလိပ်စကားပုံ၊ ဝေါဟာရကြွယ်ဝပါစေ၊ ဖွံ့ဖြိုးဝေစည်အတွေးများ၊ ဝေါဟာရဉာဏ်စမ်းပဟေဠိ စသည့်သုတ၊ ရသဖြစ်ဖွယ်ဆောင်းပါး၊ ဝတ္ထုများအပြင် လစဉ်ပါနေကျဘာသာပြန်ကဗျာ၊ သုတတိုထွာ၊ နိုင်ငံတကာမြင်ကွင်း၊ ထူးဆန်းထွေလာဏ်မြေကမ္ဘာ၊ ကမ္ဘာ့မှူးယစ်ဆေးဝါးသတင်းစသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် အကြောင်းအရာမျိုးစုံပါဝင်သည်။

ဒီဇင်ဘာလထုတ် သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် (၄၀၀)နှုန်းဖြင့် နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက္ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျုံမငေး(အထက) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

ယခင် BOARD SCHOOL နှင့် ယခု (အထက) ကျုံမငေးမှ သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ပွဲ၊ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးနှင့် အောင်မြင်သူများအား ဂုဏ်ပြုပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ရက် (စနေနေ့) ညနေ ၄နာရီတွင် ကျုံမငေး(အထက) ရွှေကျုံရတနာ ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဒီဇင်ဘာ ၂၀ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့၌ အသင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်သန်း (ငြိမ်း) ဖုန်း-၅၇၈၁၉၇၊ အသင်းတိုက်မှူး ဦးမြင့်ကြည် ကျုံမငေးအသင်း ဖုန်း-၂၂၇၅၅၁၊ ကိုမင်းမင်း (အောင်သီရိ) ဖုန်း-၀၉-၅၀၀၉၅၄၅၊ ကိုလှငွေး (ဖိုးလုံး) ဖုန်း-၀၉-၅၁၀၉၆၄၄၊ ကျုံမငေးရပ်ကွက် ဥက္ကဋ္ဌ ဦးကြည်ခင် ဖုန်း-၀၉-၅၈၃၇၇၃၁၊ ဒေါ်ခင်ဆွေဦး (အထပြ) ဖုန်း-၀၄၂-၆၅၃၉၇နှင့် ဦးသိန်းနိုင် (အထပြ) ဖုန်း-၀၄၂-၆၅၃၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

လမ်းညွှန်စနစ် ကြော်ငြာထည့်သွင်းခြင်း မိတ်ဆက်ရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၁၀

CONCORDIA Int'l Co.,Ltd. က GPS Directory လမ်းညွှန်စနစ် ကြော်ငြာထည့်သွင်းခြင်း မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ကမ္ဘာအေး စေတီလမ်း ရွှေဂုံပလာဇာရှိ CONCORDIA Int'lCo., Ltd. ရုံးခန်း၌ကျင်းပသည်။

ထည့်သွင်းအသုံးပြု

CONCORDIA Int'l Co.,Ltd. သည် ၂၀၀၄ခုနှစ်မှစ၍ GPS များအတွင်း မြေပုံများထည့်သွင်းပေးခြင်းလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ယနေ့ခေတ်တွင် ရေပန်းစားလူကြိုက်များနေသော GPS များကို ခရီးသွားလုပ်ငန်း၊ ဖြန့်ချိရေးလုပ်ငန်း၊ မြေတိုင်းတာခြင်းလုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများတွင် အသုံးများလာနေပြီဖြစ်သည်။ GPS လမ်းညွှန်စနစ်ဖြင့် မြေပုံတွင် မိမိသိလို၊ သွားလိုသော နေရာများသို့ သိနိုင်၊ သွားလာနိုင်ပြီး လက်ကိုင်ဖုန်းများတွင်လည်း ယင်းမြေပုံများ ထည့်သွင်းအသုံးပြုနေကြပြီဖြစ်သည်။

အခမဲ့ကြော်ငြာခွင့်ရ

ကုမ္ပဏီလုပ်ငန်းများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ၊ဆေးရုံများ၊ ကားပစ္စည်းများ၊စားသောက်ဆိုင်များ၊ တည်းခိုခန်းများ စသည့်လုပ်ငန်းများ အောင်မြင်တိုးတက်မှုရရှိစေရန် GPS Directory လမ်းညွှန်စနစ်တွင် လုပ်ငန်းတည်နေရာနှင့် လုပ်ငန်းအမျိုးအစား၊ ရောင်းချမည့် ပစ္စည်းအမျိုးအစားများ၊ဆက်သွယ်ရန်လိပ်စာ၊ ဆက်သွယ်ရေးဖုန်းနံပါတ်များ ထည့်သွင်းကြော်ငြာနိုင်ကြောင်းနှင့် ဖိတ်ခေါ်ကာလမှာ ဒီဇင်ဘာ၉ရက်မှ ၃၁ရက်အတွင်း သတ်မှတ်ထားပြီး ယင်းကာလအတွင်း ကြော်ငြာထည့်ဝင်သူများသည် ၂၀၁၀(တစ်နှစ်စာ)အခမဲ့ကြော်ငြာခွင့်ရရှိ မည်ဖြစ်သည်။

ဆက်သွယ်နိုင်

GPS Directory လမ်းညွှန်စနစ်တွင် ကြော်ငြာခြင်းဖြင့် မိမိတို့ဆိုင်လုပ်ငန်းများ၏ တည်နေရာကို GPS များ၊GPS စနစ်သုံးလက်ကိုင်ဖုန်းများဖြင့် အလွယ်တကူရှာဖွေ ဆက်သွယ်နိုင်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်း

Google Earth မြေပုံတွင် မိမိလုပ်ငန်းတည်နေရာကို Point အတိအကျသတ်မှတ်က လုပ်ငန်းပုံစံလိပ်စာနှင့် အသေးစိတ် အချက်အလက်များရေးသား၍ e-mail:eng3concordia@ myanmar.com.mm,concordiaygn@ gmail.com သို့ ပေးပို့နိုင်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်ရုံး ရွှေဂုံပလာဇာ ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း-၉၅၁-၅၄၄၈၂၄၊ ၅၄၄၁၉၉၊ ၅၅၈၁၇၀၊ ၅၄၉၄၄၄၊ ၅၄၀၀၂၆၊ ၀၉-၅၀-၀၅၉၁၂၊Fax:951-544199၊ မန္တလေးရုံး၊အမှတ် ၅(မြေညီထပ်)၊ SY အဆောက်အအုံ၊ လမ်း ၃၀(၇၇လမ်းနှင့် ၇၈လမ်း)၊ ချမ်းအေးသာစံ ဖုန်း-၀၂-၃၆၄၇၈၊ ၀၉-၅၀-၆၇၁၇၂၊ ၆၉၃၀၃၊ Fax: 02-36478,e-mail: cilmdy @myan mar.com.mm၊နေပြည်တော် အမှတ်(၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၀၈၀၉၊၄၂၁၃၆၂၊e-mail: win.cil@mptmail.net.mm. nptconcordia3branch@gmail. com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

TODAY စာအုပ်ဆိုင်များ၌ ကလေးသူငယ်ဆိုင်ရာ စာအုပ်များ အထူးဈေးရောင်းပွဲ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၀

ဒီဇင်ဘာ ၁၅ရက်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ရက်အထိ ရန်ကုန်မြို့ရှိ TODAY စာအုပ်ဆိုင်များ၌ ကလေးသူငယ်များ စာဖတ်ရှုမှုတိုးပွားလာစေရန် ရည်ရွယ်၍ Quality စာအုပ်တိုက်၊ ပြည့်စုံစာအုပ်တိုက်၊ စိတ်ကူးချိုချိုစာအုပ်တိုက်နှင့် TODAY စာအုပ်တိုက်တို့မှ ထုတ်ဝေထားသော ကလေးသူငယ်ဆိုင်ရာစာအုပ်များကို ၁၀ရာခိုင်နှုန်းအထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၁၀

မန္တလေး အောင်မြေသာစံမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၈ရက် နံနက်က ပုလဲငွေရောင်ရပ်ကွက် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်နိုင် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဟောပြော

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌမှ အမှာစကား ပြောကြားပြီး မြို့နယ်တွဲဖက်တရားသူကြီး ဦးလွန်းဘော်က ဥပဒေပုဒ်မနှင့် ပြစ်ဒဏ်အကြောင်း သိကောင်းစရာများ၊ အမှတ်(၅) ရဲစခန်း စခန်းမှူး ရဲအုပ်ရွှေမောင်က မှုခင်းဖြစ်ပွားစေတတ်သော အကြောင်းအခြင်းအရာများ၊ ရှောင်ရန် ဆောင်ရန်ကိစ္စအကြောင်းကို လည်းကောင်း၊ မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူးဝင်းကြည်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်း လိုက်နာရန်အချက်များကို ပရိုဂျက်တာဆလိုက်များဖြင့် ရှင်းလင်းပညာပေး ဟောပြောသည်။

သရုပ်ပြ

ထို့နောက် ကျောင်းကွင်းပြင်တွင် စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များ ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို လက်တွေ့ပြသသည်။ **(၀၉၀)**

သံဖြူဇရပ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေး လုပ်ငန်း များအနက် ပဒိုင်လေး ကျေးရွာ စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်းကို မွန် ပြည် နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်ဇော် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနယူးစ်ဝိခ် ယခုအပတ်ထုတ်ဂျာနယ် ထွက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၀

အသက် ၁၈နှစ်အောက်ကလေးများကို ပြောဆိုဆုံးမရာတွင် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၆)ကို ယနေ့ဖြန့်ချိထားသည်။

မှန်ကန်သောသတင်းအချက်အလက်များနှင့် သတင်းမီဒီယာများ၊ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့မြန်မာနိုင်ငံနှင့် ဆွေးနွေးပွဲများစတင်ရန် စိတ်အားထက်သန်လျက်ရှိ၊ တရားမဝင်ဝင်ရောက်သည့် နိုင်ငံခြားငါးဖမ်းစက်လှေပါ ငါးဖမ်းသမားများအား ရုံးတင်စစ်ဆေး၊ မဟာဝိဇယကုန်းတော်မှ ကန်အားပြန်လည်ပြုပြင်ပြီး ရေပြတ်ချိန်တွင် အရန်ရေလှောင်ကန်အဖြစ် ထားရှိပြီး(Down Town) မြို့နယ်များသို့ ရေဖြန့်ဖြူးခြင်းဆောင်ရွက်သွားမည်၊ မြန်မာနိုင်ငံကို ဆော်ဒီအာရေဗျနိုင်ငံက အတိုးမဲ့ငွေချေးမည်၊ ဒုတိယအပတ်ဆမသင်တန်းဖွင့်လှစ်မည်၊ (CDMA) ဖုန်းများကြောင့် မြို့ပြဆက်သွယ်ရေး တိုးတက်လာတော့မည်ဟု မျှော်လင့်နေကြ၊ (FDA)နှင့် (YCDC) ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အသားလုံးအသားချောင်း ထုတ်လုပ်မှုစက်ရုံများစစ်ဆေး၊ (UAE) နိုင်ငံမြို့တော်ဒူဘိုင်းရောက် မြန်မာအလုပ်သမားတစ်ယောက်အကြောင်း၊ စွန့်ပစ်ပလတ်စတစ်အိတ်မှ စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံက မြန်မာအားအကူအညီပေးမည်၊ နာဂစ်မုန်တိုင်းကြောင့်ပျက်စီးခဲ့ရသည့် ဗိုလ်တထောင် ဆိပ်ကမ်းခံ ဇောတံတား ပြန်လည်တည်ဆောက်ရေးအတွက် (JICA) အေဂျင်စီက ထောက်ပံ့ကူညီမည်၊ မြန်မာနိုင်ငံတစ်ဝန်းလုံး သွားလာနိုင်မည့်မော်တော်ဆိုင်ကယ်(ယ) လိုင်စင်ထုတ်ပေးနေ၍ ဆိုင်ကယ်ဈေးနှုန်းများမြင့်တက်လာ၊ ယာဉ်တိုက်ခိုက်မှု ကင်းဝေးစေရေးနှင့် လမ်းများသက်တမ်းရှည်ခိုင်ခံ့စေရန် ရန်ကုန်မြို့အတွင်းသို့ သုံးတန်နှင့်အထက် ယာဉ်များသွားလာခွင့်ရပ်ဆိုင်း၊ အစ္စရေးက အီရန်အားလေကြောင်းမှ တိုက်ခိုက်လာပါက အစ္စရေးလေယာဉ်များ ပြုတ်ပြုတ်ပြန်းသွားမည်ဟု အီရန်သတိပေး၊ အရေးပါသော ဟော်မုဇ်ရေလက်ကြားအားချုပ်ကိုင်နိုင်ရန် အီရန်က ရေတပ်ကို အသင့်ပြင်၊ အီရန်ကယူရေနီယံ သန့်စင်ရေးစက်ရုံသစ်(၁၀) ခုထပ်မံတည်ဆောက်မည် စသည့်နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

(သတင်းစဉ်)

ကြော်ငြာသရုပ်ဆောင်အလိုရှိသည်

လှိုင်ဟိန်းကုမ္ပဏီမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ (Alpine, Life, Blue Mountain ......) အတွက် ပြည်တွင်းပြည်ပ TV ကြော်ငြာ၊ Billboard , Wallsheet , Calendar, Journal, သတင်းစာများတွင်အသုံးပြုရန်အတွက် အမျိုးသမီး သရုပ်ဆောင်အသစ်များအလိုရှိပါသည်။

ရွေးချယ်ခံရလျှင်တေးသီချင်းသီဆိုမှုပညာ၊ သရုပ်ဆောင်ပညာ၊ ကိုယ်ဟန်ပြမှုပညာတို့ကို အခြေခံအဆင့်အထိ သင်ကြားပေးမည်။

အထက(၆) ပိုလ်တထောင်
မြတ်ဆရာပူဇော်ပွဲကျင်းပရေး စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

အထက(၆) ပိုလ်တထောင် (ယခင် စိန့်ပေါလ်)တွင် ၁၉၆၅ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော သက်ပြည့် အငြိမ်းစားယူခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၀ခုနှစ် မတ် ၂၈ရက် (တောင်သူလယ်သမားနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ဘတ်စကက်ဘော ကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

(၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီ ဒုတိယအကြိမ်ညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ၁၃ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အထက(၆)ပိုလ်တထောင် မြဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၄ရက်က ရန်ကင်းမူလတန်းကြိုကျောင်း၌ ကျင်းပသော ကာယ စွမ်းရည်ပြိုင်ပွဲ အာလူးကောက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်တင့်တယ်ဇေယျအား လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်တိုင်းဦးစီးအရာရှိ ဦးတင်မြင့်က ဆုချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး
မင်္ဂလာတောင်ညွန့်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၀

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များရှင်သန်ခိုင်မာရေး၊စာငှားကတ်စနစ်ကျင့်သုံးရေး၊ စာကြည့်တိုက်များ မှတ်ပုံတင်ရေး၊ စာဖတ်အလေ့အကျင့်ရရှိရန် စာဖတ်ဝိုင်းပြုလုပ်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့ ကွင်းဆင်းဟောပြောဆွေးနွေးဆောင်ရွက်လျက်ရှိသည်။ ကျီတော်ရပ်ကွက်ရောင်နီဦး စာကြည့်တိုက်တွင် ဒီဇင်ဘာ ၅ရက်နံနက်၁၀နာရီကကျင်းပသောဟောပြောဆွေးနွေးပွဲ၌ ကျီတော်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးက စာကြည့်တိုက် ခိုင်မာရှင်သန်ရန်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ဟောပြောဆွေးနွေး

အဆိုပါအခမ်းအနားတွင် စာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီညွတ်ရေး၊ စာငှားကတ် စနစ်ပြုလုပ်ရေးအတွက် မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က ဟောပြောဆွေးနွေးပြီး စာကြည့်တိုက် ကြီးကြပ်ကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ
အင်္ဂလိပ်၊ သင်္ချာဘာသာရပ် စွမ်းရည်ပြိုင်ပွဲကျင်းပ

မြဝတီ ဒီဇင်ဘာ ၁၀

မြဝတီခရိုင် မြဝတီမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အင်္ဂလိပ်၊ သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာ ၄ရက်က အထက(မြဝတီ)ကျောင်းခန်းမဆောင်၌ ကျင်းပရာ အမက(၅) မြဝတီ ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြမြသီက ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယှဉ်ပြိုင်

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဦးစီးသော အမက(၅)မြဝတီမှ မူလတန်းအထက်အဆင့် Nursery Rhymes ပြိုင်ပွဲမှ နော်အဲဖို့ဖေါ ခေါင်းဆောင်သော Que Sera Sera သီချင်းဖြင့် စတင်ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။**(အောက်ပုံ)**

(၁၀၁)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ဗီးတောပတ်လမ်းတစ်လျှောက် မြေယာရှင်း သာယာလှပရေး ဆောင်ရွက်ထားမှုနှင့် အိမ်ခြံစည်းရိုးများအား အုတ်တံတိုင်းစည်းရိုးအဖြစ်ကာရံထားရှိမှုကို နိုဝင်ဘာ ၂၄ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

လက်ပံတန်း မြို့နယ်အသင်း နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဒီဇင်ဘာ ၁၀

လက်ပံတန်းမြို့နယ်အသင်း၏ (၃၈) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၂၀ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တိစနွဝိဟာရ စင်ကာပူကျောင်းသစ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ၊ ရန်ကုန်မြို့ရောက် လက်ပံတန်းမြို့နယ်သူ မြို့နယ်သားများ၊ အသက် (၇၅)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားတက်ရောက်ကြရန် နိုးဆော်ထားသည်။

ကန်တော့ခံ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ထူးချွန် ကျောင်းသား ကျောင်းသူများသည် ဦးသောင်းကြည် ဖုန်း-၅၀၁၇၃၆၊ ဦးစိုးလှိုင် ဖုန်း-၆၆၆၇၈၆၊ ဦးအောင်သိန်း ဖုန်း-၄၀၀၆၈၁နှင့် ဦးဇော်ဝင်း ဖုန်း-၅၂၂၀၇၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများ ထောက်ပံ့ငွေများပေးအပ်ပွဲ လက်ပံတန်း၌ ကျင်းပ

လက်ပံတန်း ဒီဇင်ဘာ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာ ၅ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဒုတိယဗိုလ်မှူးကြီးသိန်းဟန်(ငြိမ်း)က အမှာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဒုအရာခံဗိုလ်မြင့်ရွှေ(ငြိမ်း)က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း(ဗဟို)နာယက၏ ၂၀၀၉ခုနှစ် စစ်မှုထမ်းဟောင်းညီလာခံမိန့်ခွန်း ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အငြိမ်းစား ဒုတိယဗိုလ်မှူးကြီးသိန်းဟန်က အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း၁၉ဦးအား တစ်ဦးလျှင် ငွေကျပ်၂၁၀၀၀ကိုလည်းကောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုအရာခံဗိုလ်မြင့်ရွှေ(ငြိမ်း)က မသန်စွမ်းစစ်မှုထမ်းဟောင်း ၁၇ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၅၀၀၀ကိုလည်းကောင်း ပေးအပ်သည်။ **(အပေါ်ဝဲပုံ)(၁၇၅)**

စာသင်ကျောင်းဆောက်လုပ်ရန် အလှူငွေပေးအပ်

ပုသိမ် ဒီဇင်ဘာ ၈

ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ အထက နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် အာစရိယပူဇော်ပွဲနှင့် တိုးချဲ့စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့နေ ဦးထွန်းအေး-ဒေါ်ကေသွယ်ဝင်း၊ သမီး မနန္ဒာထွန်း၊ သားမောင်အိုရီယံထွန်း (ရွှေယမုံကုမ္ပဏီ)မိသားစုက ငွေကျပ် ၁၀ သိန်းလှူဒါန်းရာ ကျင်းပရေးအဖွဲ့နာယက ငွေသောင်ယံဦးရဲမြင့်က လက်ခံယူသည်။**(အပေါ်ပုံ)**

ဆက်သွယ်နိုင်

ရပ်ဝေးမှလှူဒါန်းလိုသူများနှင့် ကျောင်းသားဟောင်းများသည် ငွေသောင်ယံ ဦးရဲမြင့် ဖုန်း-၀၉-၅၂၀၂၀၉၄၊ ၀၉-၈၅၆၉၂၉၂၊ ဦးမြင့်ထွန်း ဖုန်း-၀၉-၅၂၀၁၀၆၅၊ ဦးအောင်စိုး ဖုန်း-၀၄၂-၂၅၆၁၆နှင့် ဦးစန်းမောင် (ဌာနမှူး) မအူပင်တက္ကသိုလ် ဖုန်း-၀၄၅-၃၀၁၃၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၁၅၇)**

မိုးနဲမြို့နယ် ဝမ်ယေးကျေးရွာတွင် စာကြည့်တိုက်ဆောက်လုပ်ရေးဆောင်ရွက်

မိုးနဲ ဒီဇင်ဘာ ၁

လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၂ရက် နံနက်ပိုင်းက နိုင်ငံတော်၏ ပံ့ပိုးမတည်ငွေကျပ် ၁၀သိန်းဖြင့် မိုးနဲမြို့နယ် ဝမ်ယေးကျေးရွာတွင် စံ(၅)ချက်ညီသည့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်သွားနိုင်ရေးအတွက် အဆိုပါ ကျေးရွာသို့ သွားရောက်ကာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံသည်။

တိုင်းတာ

ထို့နောက် စာကြည့်တိုက်တည်ဆောက်မည့် မြေနေရာနှင့်လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ စတင်ဆောင်ရွက်လုပ်ကိုင်နိုင်ရေး၊ လိုအပ်သည်များ ဝိုင်းဝန်းကူညီရေးနှင့် အဆောက်အအုံအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှု အခြေအနေတို့ကိုကြည့်ရှုပြီး လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းပြီး စာကြည့်တိုက် ဆောက်လုပ်မည့် မြေနေရာသတ်မှတ်ခြင်း၊ မြေတိုင်းတာခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဖန်းမော်ခရိုင် ပြန်/ဆက် လုပ်ငန်းညှိနှိုင်းဆွေးနွေး

ဖန်းမော် ဒီဇင်ဘာ ၅

ကချင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်မှူး ဦးညွန့်ရွှေသည် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၃နာရီက ဖန်းမော်ခရိုင်သို့ ရောက်ရှိပြီး ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများနှင့်တွေ့ဆုံကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏၂၀၀၉-၂၀၁၀ခုနှစ် လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းများ၊ အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသော မီဒီယာသမားများအဖြစ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးများက မိမိမြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်မှူးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ရေပေးရေး

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးခိုင်မြင့် နိုဝင်ဘာ ၂၃ရက်က ကျေးလက်ရေပေးရေး (၁၀)နှစ် စီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာ ၂၄ရွာ ရေကန်အဆင့်မြှင့်တင်ခြင်းနှင့် လက်နှိပ်တုံ့ကင်တပ်ဆင်ခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အိတ်ချ်အိုင်ဗွီ ကာကွယ်ရေး အသိပညာပေး ဆွေးနွေး

ပခုက္ကူ ဒီဇင်ဘာ ၉

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှကြီးမှူး၍ လူငယ်ထုအတွင်း အိတ်ချ်အိုင်ဗွီ ကာကွယ်ရေးအတွက် ဘဝတွက်တာ ကျွမ်းကျင်မှုအခြေခံ သက်ရွယ်ဆင့်တူပညာပေး စီမံချက်လုပ်ငန်းအသိပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၈ရက် မွန်းလွဲ၁နာရီက ပခုက္ကူမြို့ မြို့နယ်ကြက်ခြေနီအသင်းရုံးခန်းမ၌ ကျင်းပရာ ပခုက္ကူအထွေထွေရောဂါကု ဆေးရုံကြီးမှ ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးတင်မောင်ထွေး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရုံးချုပ်)မှ ကွင်းဆင်းအရာရှိဦးဝင်းစန်းဦးတို့က ဆွေးနွေးကြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။ အဆိုပါသင်တန်းကို ဒီဇင်ဘာ၉ရက်မှ ၁၃ရက်အထိ ပို့ချလျက်ရှိပြီး သင်တန်းသား ၃၀ တက်ရောက်ကြသည်။ **(၀၇၀)**

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့်အဖွဲ့ မဟာကမ္ဘာဇ ပြည်ငြိမ်းအေးစေတီလမ်း ပလက်ဖောင်းကတ်တုံးပြုလုပ်ခြင်း လုပ်ငန်းကို နိုဝင်ဘာ ၁၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဂန္ဓမာမြိုင်အပိုင်းတွင် အဖွဲ့ဝန်ထမ်းများ အလှပန်းများစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)

ကချင်ပြည်နယ်တရားရုံး

၂၀၀၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၈

ဦးအောင်ဆန်း

ညပ-၃၁၊ ညောင်ပင်ရပ်ကွက်၊ ဗန်းမော်မြို့။ **လျှောက်ထားသူ**

ကွယ်လွန်သူ ဒေါ်ခင်သိန်းမြင့်(ခ)ဒေါ်မမနှင့် ကွယ်လွန်သူဒေါ်ရုံးတီးကျန်ရှိသော ပစ္စည်းများကိစ္စ။

အထက်အမည်ပါ ကွယ်လွန်သူ ဒေါ်ခင်သိန်းမြင့်(ခ)ဒေါ်မမနှင့် ကွယ်လွန်သူ ဒေါ်ရုံးတီးတို့နှစ်ဦး အမည်ပေါက်ပိုင်ဆိုင်ခဲ့သော ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်ကွက်(မြောက်)ကွင်းအမှတ်-၂၃၊ ညောင်ပင်ရပ်၊ ဦးပိုင်အမှတ်-၅၄၊ ပိုင်ဆိုင်ခွင့်(အိပ်ချ်) မြေအမျိုးနှင့်အတန်း-၁၁၁၊ မြေချိန်ဧရိယာ ဝ.၁၁၃ဧက ၀၁၁၆ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော သုံးပင်နှစ်ခန်း၊ နှစ်ထပ်အောက်ခြေအုတ်နံကပ်၊ အပေါ်ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုးနေအိမ်တစ်လုံးနှင့် နေအိမ်အတွင်းရှိ ဆိုင်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်သော ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ စိန်ဆွဲသီး၊ ရွှေဘီး၊ စိန်နားကပ်၊ ရွှေခြေကျင်းတို့အပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း ကချင်ပြည်နယ် ဗန်းမော်မြို့ ညောင်ပင်ရပ်၊ အမှတ်-ညပ-၃၁နေ ဦးအောင်ဆန်းက လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ၃၀ရက်(၁၃၇၁ခုနှစ် ပြာသိုလပြည့်နေ့)တွင် ကြားနာရန် ချိန်းဆိုထားပြီးဖြစ်သောကြောင့် ကွယ်လွန်သူဒေါ်ခင်သိန်းမြင့်(ခ)ဒေါ်မမနှင့် ကွယ်လွန်သူ ဒေါ်ရုံးတီးကျန်ရစ်ခဲ့သောပစ္စည်းတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အမှုတွင်၄င်းတို့လာရောက်လျှောက်ထားရန် သင့်လျော်မည်ဟုအထင်ရှိလျှင် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၁ခုနှစ် ပြာသိုလပြည့်နေ့) နံနက် ၁၀နာရီအချိန်တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကနေရာတကျ အမိန့်ပေးခံရသူ ကိုယ်စားလှယ်ကသော်လည်းကောင်း လာရောက်အမှုဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမည့်မှုခင်းမှတ်တမ်းကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃အရ ဆင့်ဆိုလိုက်သည်။

၄င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးအောင်ဆန်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီး ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၉ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တူးဂျာ

ပြည်နယ်တရားသူကြီး

ကချင်ပြည်နယ်တရားရုံး။

အိမ်ရောင်းမည်

မန္တလေး ချမ်းအေးသာစံမြို့နယ် ၃၄လမ်း×၃၅လမ်းကြား လမ်း၆၀ပေါ်၊ ပေ၃၀×ပေ၄၀ ဝင်းပြည့်နံကပ်နှစ်ထပ်တိုက် အရှေ့လှည့် ရေမီးပါ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၈၈၂၁၈၆၆၊ ၀၂-၅၃၁၆၇။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၆၅၄၄ Nissan Diesel Dump Truck ယာဉ်လက်ဝယ်ရှိသူ ဦးရန်ကွေဖြင့်(ခ)လောရူး ၁/မညန(နိုင်)၀၇၂၇၇၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ရှာသာကြီးရုံး)၊ရန်ကုန်မြို့။

အမြန်ရောင်းမည်

မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ယိုးဒယား လမ်းမြေကွက် ပေ၇၀×ပေ၈၀ သို့မဟုတ် တစ်ခြမ်း ပေ၆၀×ပေ၄၀ ဘိုးဘွား၊ ရေ+မီး

ဖုန်း-၆၆၃၄၀၈၊ ၀၉-၉၂၈၈၅။



ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၇၀၁၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဌေး ၅/ကလထ(နိုင်)၁၃၆၈၆၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ကလေးမြို့။

မီး သတိပြု

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်) အဓိဋ္ဌာန်ပွဲဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်၍ သတိပဋ္ဌာန်ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲ သုံးပတ်ဟောကြားပြသပါမည်။ **ပထမပတ်** ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်ညနေမှ ၈ရက် နံနက်အထိ၊ **ဒုတိယပတ်** ဇန်နဝါရီ ၈ရက်ညနေမှ ၁၅ရက် နံနက်အထိ၊ **တတိယပတ်** ဇန်နဝါရီ ၁၅ရက်ညနေမှ ၂၂ရက်နံနက်အထိ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း-၆၃၈၀၈၈နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၂၄၇၆၂ ANBO Star Wave ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းရီ၁၃/ကတန(နိုင်)၀၉၃၀၄၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)၊ ကျိုင်းတုံမြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဒီဇင်ဘာ ၉ရက် ညပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားအားကစားကွင်း၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

နှုတ်ဆက်အားပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အားကစားကွင်းအတွင်းသို့ ချီတက်ဝင်ရောက်လာသော မြန်မာအားကစားအဖွဲ့အား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညနေ ၅နာရီ မိနစ်၄၀တွင် ဗီယင်ကျန်းမြို့ အမျိုးသားအားကစားကွင်းသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ✳